စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# ရွှေစက်မှုဂျာနယ်

The Golden Industrial Journal

www.industry.gov.mm

အတွဲ ၇ ၊ အမှတ် ၁၅ ၊ ၂၀၁၄ ခုနှစ် ၊ ဩဂုတ်လ

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အမှတ် (၃၅) အကြီးစားစက်ရုံ (ချောက်) နှင့် အမှတ် (၁၃) အကြီးစားစက်ရုံ (မကွေး) တို့အားကြည့်ရှုစစ်ဆေး



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဩဂုတ်လ ၁ ရက်နေ့၊ နံနက် ၁၁ နာရီတွင် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးများ၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး ၊ ချောက်မြို့နယ်ရှိ ဗို့အားမြင့် ကြွေသီးများထုတ်လုပ်လျက်ရှိသည့် အမှတ် (၃၅) အကြီးစားစက်ရုံ ( ချောက် ) သို့ ရောက်ရှိသည်။

စာမျက်နှာ ၂ သို့ -

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမှတ် (၁၃) အကြီးစားစက်ရုံ (မကွေး) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်

'Sustainable' ရေရှည်တည်တံ့နိုင်မြဲအောင် ၊ တာရှည်ခံအောင်ဆိုတဲ့ သဘောတရားကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၊ ပတ်ဝန်းကျင်အခြေအနေများနဲ့ ဆက်စပ်ပြီး အလေးထားကြသလို Societies လူ့အဖွဲ့အစည်းတွေ၊ Cultures ခေါ်တဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေနဲ့ အခြားအခြားသောလူမှုဆက်ဆံရေးနယ်ပယ်တွေမှာလည်းပဲ ဆက်စပ်ပြီးစဉ်းစားတွေးတောသင့်

စာမျက်နှာ ၄ သို့ -

ဘဝအချို့ကို ကယ်တင်နိုင်မည့်ဆားနှင့် သူ၏အကြောင်း

စာမျက်နှာ ၉ သို့ -

မနက်ဖြန် သို့မဟုတ် ဘယ်သောအခါ

စာမျက်နှာ ၁၆ သို့ -

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ADB ၏ Principal Economist ဖြစ်သူ Dr.Armin Bauer ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ



စာမျက်နှာ ၆ သို့ -

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်းတို့သည် ဇူလိုင်လ ၂၇ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်ရှိ မင်းကင်းကျောင်းတိုက်၌ ကျင်းပပြုလုပ်သော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် မင်းကင်းကျောင်းတိုက် ဆရာတော်သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဓမ္မိဿရထံမှ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးအမှူးပြုသော ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်အရှင်မြတ်များက မေတ္တာသုတ်နှင့်ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်းတို့က ဆရာတော်အရှင်သူမြတ်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဧည့်ပရိသတ်အပေါင်းတို့က ဆရာတော်အရှင်သူမြတ်များထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သဒ္ဓမ္မဂုဏ်ရည်ကျောင်းတိုက်ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တသုဇနထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဧည့်ပရိသတ်အပေါင်းတို့က ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

မျက်နှာဖုံးမှ -

ရှေးဦးစွာ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ဟိန်းက တာဝန်ရှိသူများ၊ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ဖိတ်ခေါ်ရှင်းလင်းပြသခြင်းဖြစ်ကြောင်းပြောကြားပြီး စက်ရုံမှူး ဦးသန်းဇော်ဌေးက စက်ရုံဆိုင်ရာအချက်အလက်များနှင့် ဗို့အားမြင့်ကြွေသီးထုတ်လုပ်မှုနည်းစဉ်များကိုလည်းကောင်း၊ မန်နေဂျာဒေါ်ဇင်မာဝင့်က ထုတ်လုပ်သည့် ကြွေသီးများ၏အရည်အသွေး စမ်းသပ်မှုနည်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် စက်ရုံအတွင်းလှည့်လည်၍ Production Process, Machine & Equipment Lab အတွင်း Testing Procedure များနှင့် Product Specification များကို ရှင်းလင်းပြသပြီး၊ ထုတ်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရေးနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

အမှတ် (၁၅) အကြီးစားစက်ရုံ (ချောက်) ကို ၁၈. ၄. ၂၀၀၆ ရက်နေ့တွင် Unicom Trade & Travel Co., Ltd နှင့်စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပြီး ၁. ၉. ၂၀၁၀ နေ့တွင် စက်ရုံစတင်ဖွင့်လှစ်နိုင်ခဲ့ကာ High Tension Insulator များဖြစ်သည့် 11KV Pin Insulator, 33 KV Pin Insulator, 70 KN Disc Insulator, 120 KN Disc Insulator များနှင့် Low Tension Insulator များ၊ Shackle Insulator နှင့် 4" Strain Insulator များကို IEC 383 (International Electro technical Commission) ၏ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်လျက်ရှိပြီး အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံထုတ် Brand များနှင့် Quality ပိုင်းရော Electrical & Machanical Strength ပိုင်းပါ ယှဉ်ပြိုင်နိုင်ပြီး စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂. ၈. ၂၀၁၂ ရက်နေ့က Main Unit မီးလောင်ပေါက်ကွဲမှုကြောင့် ထုတ်လုပ်မှုများရပ်ဆိုင်းထားသော ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ (ချောက်) သို့ရောက်ရှိပြီး အဆိုပါစက်ရုံအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai New Hualian Pharmaceutical Co., Ltd. သို့ နှစ်ရှည်ငှားရမ်းဆောင်ရွက်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၁၃) အကြီးစားစက်ရုံ (မကွေး) သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က စက်ရုံဆိုင်ရာအချက်အလက်များ၊ ကုန်တင်ယာဉ်ဘီးဝင်ရိုးထုတ်လုပ်မှုစက်ရုံ (စီမံကိန်း) မှထွက်ရှိမည့် ၂၅ တန်ဘီးဝင်ရိုး (ရှေ့၊ လယ်၊ နောက်) ကို TATA LPT-2123 (6×4) ကုန်တင်ယာဉ်တွင် အသုံးပြုရန်အတွက် စမ်းသပ်တပ်ဆင်ရေး လိုအပ်ချက်များကိုအသေးစိတ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဒီဇင်ဘာလတွင် စတင်ထုတ်လုပ်နိုင်မည့် မြင်းခြံကုန်တင်ယာဉ်ဘီး ဝင်ရိုးထုတ်လုပ်မှုစီမံကိန်းမှ Axle များအား မကွေးစက်ရုံမှထုတ်လုပ်သည့် TATA ကားများတွင် ထည့်သွင်းအသုံးပြုနိုင်မှသာ ပြည်ပမှတင်သွင်းမှု လျှော့ချနိုင်မည်ဖြစ်သဖြင့် မြင်းခြံ Axle စက်ရုံအား မကွေးကားစက်ရုံနှင့် ချိတ်ဆက်အသုံးပြုနိုင်ရေး အလေးအနက်ထား ဆောင်ရွက်ကြရန် လိုကြောင်း၊ စက်ရုံမှထုတ်လုပ်သည့် မော်တော်ယာဉ်များ ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်ရေး၊ စီးပွားရေးတွက်ခြေကိုက်စေရေးအတွက် ဝိုင်းဝန်းကြိုးစားလုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် Accountability နှင့် Responsibility ရှိဖို့လိုအပ်ကြောင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး အဆင့်အလိုက်လုပ်ပိုင်ခွင့်များပေးထားပြီးဖြစ်ရာ မိမိတို့စက်ရုံရေရှည်ရှင်သန်ရပ်တည် အောင်မြင်နိုင်ရေးအတွက် ကြိုးစားလုပ်ဆောင်သွားကြရမှာဖြစ်ကြောင်း၊ ဝန်ထမ်းအင်အားကအစ ကျစ်ကျစ်လျစ်လျစ်ဖြင့်ဆောင်ရွက်ပြီး မလိုလားအပ်သည့် လေလွင့်ပြန်းတီးမှုများမရှိစေရေး၊ လျှပ်စစ်နှင့်စက်သုံးဆီများ ခြိုးခြံချွေတာပြီး ထုတ်လုပ်မှုစရိတ်များလျှော့နည်းသွားအောင် စီမံဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ Level တိုင်းတွင် အခက်အခဲများရှိနိုင်သော်လည်း လုပ်ချင်ကိုင်ချင်စိတ်ပြင်းပြစွာဖြင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားသွားကြရမှာဖြစ်ကြောင်းပြောကြားပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Gear & Transmission အလုပ်ရုံကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်၏သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော Heavy Turbo Truck များထုတ်လုပ်ဖြည့်ဆည်းပေးရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန်တို့အတွက်ရည်ရွယ်၍ အကြီးစားကုန်တင်ယာဉ် ထုတ်လုပ်မှုစက်ရုံ (မကွေး) ကို အိန္ဒိယနိုင်ငံ TATA Motors Ltd. ၏ နည်းပညာအကူအညီဖြင့် မကွေးစက်မှုနယ်မြေ၌ ၁၁. ၁၂. ၂၀၁၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး အဆိုပါစက်ရုံမှ LPT-2116 Truck (6×2)၊ LPT-2123 Truck (6×4)၊ LPK 2523 Dump Truck (6×4) တို့ကို ထုတ်လုပ်လျက်ရှိရာ ကုန်တင်ယာဉ်ဘီးဝင်ရိုးထုတ်လုပ်မှုစီမံကိန်းမှ ထုတ်လုပ်မည့် Axle များကို TATA မော်တော်ယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်ခြင်းဖြင့် ပြည်ပမှတင်သွင်းရသည့် Component Parts များ လျှော့နည်းသွားမည်ဖြစ်သဖြင့် ထုတ်လုပ်မှုစရိတ်များ သက်သာလာနိုင်ကြောင်း သိရှိရသည်။



သတင်း

# တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ကျင်းပ အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်



နိုင်ငံတော်ကချမှတ်ပေးထားသည့် မူဝါဒလုပ်ငန်းစဉ်တစ်ခုတည်းကြောင့်သာမဟုတ်ဘဲ ဝန်ကြီးဌာနရှိဝန်ထမ်းများအား နှစ်ပေါင်းအတန်ကြာကပင် အရိုးစွဲနေခဲ့သည့်စိတ်ဓာတ်၊ ခံယူချက်နှင့်အမူအကျင့်များ ပြောင်းလဲလာစေရေး၊ ဝန်ထမ်းများကိုယ်ရည်ကိုယ်သွေးတိုးတက်ပြီး စွမ်းဆောင်ရည်ပြည့်ဝလာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် စက်မှုဝန်ကြီးဌာနသည် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ပြုလုပ်ပေးလျက်ရှိရာ ဩဂုတ်လ ၁၂ ရက်နေ့က တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခဲ့ပြီး စီးပွားရေးတက္ကသိုလ် (ရန်ကုန်)၊ စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်မိုးမိုးခိုင်က Accountability and Responsibility, Business Ethics ခေါင်းစဉ်များဖြင့် အကျယ်တဝင့်ဆွေးနွေးဟောပြောခဲ့သည်။

ဩဂုတ်လ ၁၃ ရက်နေ့ နံနက်က စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇) အစည်းအဝေးခန်းမ၌ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ စတုတ္ထအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ၌ စက်မှုဝန်ကြီးဌာနအနေဖြင့် တက်ကြွစွာလိုက်ပါဆောင်ရွက်နေကြောင်း၊ သို့ရာတွင် အချို့လိုအပ်ချက်များလည်း ကျန်ရှိနေသေးကြောင်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အတွင်း အလိုက်သင့်လိုက်ပါပြောင်းလဲနိုင်ရေး ဝန်ထမ်းအားလုံးအသိရှိရှိ ခံယူချက်မိမိ ပြုပြင်ကြိုးစားသွားကြရန် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ စီးပွားရေးဆိုင်ရာအကြံပေး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ဝန်ထမ်းများ၏ ကိုယ်ရည်ကိုယ်သွေးတိုးတက်စေရေးအတွက် ဆွေးနွေးဟောပြောရာတွင် တာဝန်သိမှု၊ တာဝန်ယူမှုဆိုသည်ထက် တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ကျေပွန်မှုဆိုပါက ပိုမိုပြည့်စုံကြောင်း၊ ပြည်သူ့ဝန်ထမ်းတိုင်းသည် ပြည်သူ၏အစေအပါးအဖြစ်ခံယူလျက် ပြည်သူကို အလုပ်အကျွေးပြုကြရမှာဖြစ်ကြောင်း၊ အစဉ်အလာအရ ခေါင်းညိတ်ခဲ့သည့်အလေ့အထ၊ အမူအကျင့်များကို ပြုပြင်၍ Thinking၊ Planning၊ Doing တို့ကိုကျယ်ပြန့်စွာ ကျင့်ကြံလုပ်ဆောင်ကြရန်လိုကြောင်း၊ ရလဒ်သို့ဦးတည်သည့် လုပ်ဆောင်ချက်မျိုးဖြစ်ရန် စွန့်စားမှု၊ စဉ်ဆက်မပြတ်လေ့လာသင်ယူဆည်းပူးမှု၊ တီထွင်ဆန်းသစ်မှုတို့ရှိကြရမှာဖြစ်ကြောင်း၊ တာဝန်ပေးအပ်လာမှ လုပ်ဆောင်ခြင်းထက် ဝန်ကြီးဌာနတိုးတက်ရေးအတွက် ဝန်ထမ်းအားလုံးက မိမိနှင့်သက်ဆိုင်သည်ဟု ခံယူချက်ထားရှိကြရမှာဖြစ်ကြောင်း၊ ဝန်ထမ်းတိုင်း မိမိတို့တစ်ဦးချင်းတာဝန်ကိုသိမြင်ပြီး အမှန်တရားကိုအလေးထားကာ ရိုးသားမှု၊ သိက္ခာရှိမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ပြည်သူကို အလုပ်အကျွေးပြုနိုင်ကြရန် စသည်ဖြင့်အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့သည်။

နေ့လယ်ပိုင်းတွင် တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြင်ပမှအစိုးရ/ပုဂ္ဂလိကပညာရှင်များပါဝင်သော Third Wave ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို လေးကြိမ်ဆောင်ရွက်ပြီးဖြစ်၍ ဝန်ကြီးဌာနရှိ ဝန်ထမ်းများနိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ကောင်းစွာသိမြင်ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ ယခုသင်တန်းကိုလည်း ခေတ်စနစ်နှင့်အညီ စိတ်ဓာတ်များပြောင်းလဲလိုက်ပါ၍ လုပ်ငန်းများကိုလျင်မြန်ထိရောက်စွာ စွမ်းဆောင်ရည်ရှိရှိလုပ်ကိုင်တတ်စေရေး ပို့ချသွားမှာဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ဆည်းပူးလေ့လာသင်ယူပြီး မိမိတို့၏ Capacity ကိုမြှင့်တင်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် Myanmar Egress Capacity Development Center မှဉက္ကဋ္ဌ ဦးတင်မောင်သန်းက အမှာစကားပြောကြားပြီး ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက သင်ခန်းစာများ ဆက်လက်ဆွေးနွေးပို့ချကြသည်။

အဆိုပါသင်တန်းအား Myanmar Egress Capacity Development Center မှဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက ဘာသာရပ် (၁၅) မျိုးကို ၁၀ ရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ စက်မှုဝန်ကြီးဌာနမှ အရာထမ်း ၈၀ ဦး တက်ရောက်ခဲ့ကြသည်။




စီးပွားရေးတက္ကသိုလ် (ရန်ကုန်)၊ စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်မိုးမိုးခိုင် ဆွေးနွေးဟောပြောစဉ်



နိုင်ငံတော်သမ္မတ၏ စီးပွားရေးဆိုင်ရာအကြံပေးပါမောက္ခ ဒေါက်တာအောင်ထွန်းသက် ဆွေးနွေးဟောပြောစဉ်

# တာရှည်ခံအောင် ရေရှည်ထိန်းသိမ်းနိုင်ရေး

အေးမြ

Sustainable/ Sustainability ဆိုတဲ့စကားလုံးများရဲ့ (base word) ဇစ်မြစ်စကားလုံးက "Sustain" ပါ။ အဓိပ္ပာယ်အမျိုးမျိုးရှိပေမဲ့ ခံနိုင်ရည်ရှိသည်၊ တာရှည်ထိန်းထားသည်၊ ဆုပ်ကိုင်ထားသည်၊ ထိန်းသိမ်းထားသည်ဆိုတဲ့ အဓိပ္ပာယ်နဲ့အ



များသုံးတတ်ကြတယ်။ Sustainable ဆိုတာက adjective နာမဝိသေသနဖြစ်သွားပြီ။ တာရှည်ခံနိုင်ရည်ရှိသော၊ တာရှည်ထိန်းသိမ်းထားနိုင်သော ဆိုတဲ့အဓိပ္ပာယ်၊ အလားတူပဲ Noun Form အနေနဲ့ Sustainability စကားလုံးကို ရေရှည်ထိန်းသိမ်းထားနိုင်မှု၊ တာရှည်ခံမှု ဆိုလိုရင်းအဓိပ္ပာယ်နဲ့ အသုံးပြုကြပါတယ်။

အထူးသဖြင့်တော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Economic Development) နဲ့ပတ်သက်ပြီး Sustainable Development ဆိုတဲ့စကားကို မကြာခဏတွေ့မိကြမှာပါ။ ကာလတို၊ ရေတို၊ အချိန်ကာလအတိုလေးအတွက်သာမဟုတ်ဘဲနဲ့ ကာလရှည်၊ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိမှသာလျှင် နိုင်ငံတစ်နိုင်ငံအတွက် တည်တံ့ခိုင်မြဲရေး၊ ကြီးပွားတိုးတက်ရေးကအာမခံချက်ရှိမယ်ဆိုတာ ယနေ့ခေတ်ပြောင်း ဒီမိုကရေစီလမ်းကြောင်း ချီတက်နေကြရာမှာ အဓိကပြောနေကြတဲ့အကြောင်းတစ်ချက်ဖြစ်ပါတယ်။

စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနဲ့သာ မဟုတ်ဘူး၊ Sustainability ရေရှည်ထိန်းသိမ်းထားနိုင်မှုဆိုတာက ပတ်ဝန်းကျင်အခြေအနေများနဲ့လည်း အထူးသက်ဆိုင်ပါတယ်။ ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံများအတွက် MDG (Millennium Development Goals) ဆိုပြီး သဘောတူချမှတ်ခဲ့တဲ့ရာစုနှစ်ရည်မှန်းချက်များ (၈) ခုမှာ နံပါတ် (၇) ရည်မှန်းချက်က "Ensure Environmental Sustainability" ပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းမှုရှိစေရေးပဲဖြစ်ပါတယ်။

MDG တစ်ခုချင်းအောက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအရောက် လှမ်းကြရမယ့် (Target) ပစ်မှတ်တွေလိုမျိုးလည်းပါရှိတယ်။ အသေးစိတ်တော့ မပြောတော့ပါဘူး။ အဓိကပြောချင်တာကတော့ နိုင်ငံရဲ့ Environmental Resources များဖြစ်တဲ့ ရေနံတွင်းထွက်ပစ္စည်း သယံဇာတများကစလို့ သစ်တော၊ မြစ်ချောင်းအင်းအိုင်အဆုံး၊ သဘာဝကပေးထားတဲ့ အရင်းအမြစ်တွေကို ရေရှည်ထိန်းသိမ်းသွားနိုင်ဖို့ဆိုတာ အထူးအရေးစိုက်ရမယ့် လုပ်ငန်းစဉ်ကြီးဖြစ်တယ်။ အလားတူပဲ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများအနေနဲ့လည်း လုပ်ငန်းရဲ့လုပ်ငန်းစဉ်များဆောင်ရွက်ကြရာမှာ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုတဲ့ ရည်မှန်းချက်ကြီးကို မပျက်မကွက်အလေးထားလိုက်နာကြဖို့ဖြစ်တယ်။ Green Economy, Green Growth စတဲ့ ဆောင်



ပုဒ်များနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝအရင်းအမြစ်တွေ ရေရှည်တည်တံ့ရေးတို့ကို ဦးတည်လုပ်သွားကြဖို့လိုပါတယ်။ CSR (Corporate Social Responsibility) ဆိုတဲ့ သဘောတရားကလက်ရှိကမ္ဘာတစ်ဝှမ်း စီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုက်နာကျင့်သုံးရမယ့် လုပ်ငန်းစဉ်တစ်ခုလိုဖြစ်နေပါပြီ။

'Sustainable' ရေရှည်တည်တံ့ခိုင်မြဲအောင်၊ တာရှည်ခံအောင်ဆိုတဲ့ သဘောတရားကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်အခြေအနေများနဲ့ဆက်စပ်ပြီး အလေးထားကြသလို Societies လူ့အဖွဲ့အစည်းတွေ၊ Cultures ခေါ်တဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေနဲ့ အခြားအခြားသောလူမှုဆက်ဆံရေး နယ်ပယ်တွေမှာလည်းပဲ ဆက်စပ်ပြီး စဉ်းစားတွေးတောသင့်တယ်လို့ထင်တယ်။

မြတ်နိုးဂုဏ်ယူဖွယ်ဓလေ့ထုံးစံတွေ တဖြည်းဖြည်းကွယ်ပျောက်သွားတာ၊ မိသားစုတွေပြိုပျက်သွားတာ၊ မိတ်ဆွေသူငယ်ချင်းများအကြား ခင်မင်ရင်းနှီးမှုသံယောဇဉ်




တွေကင်းကွာလို့ တစ်ဦးနဲ့တစ်ဦးမျက်မုန်းကျိုးပြီး ရန်သူသဖွယ်ဖြစ်သွားကြတာ၊ ဒါတွေအားလုံးက Sustainability မရှိမှုသဘောကို ပြနေတာပါပဲ။ အထူးသဖြင့်တော့ လူမှုအဖွဲ့အစည်းအတွင်းမှာ အဓိကအခရာဖြစ်တဲ့ မိသားစုများအတွက် Sustainability ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ဆုပ်ကိုင်သွားနိုင်ဖို့ အထူးအရေးကြီးဆုံးဖြစ်ပါတယ်။

တစ်မိသားနဲ့တစ်မိသား ခက်ခဲစွာပေါင်းစပ်ပြီးဖြစ်တည်ရှိလာတဲ့ မိသားစုတစ်ခုရေရှည်တည်တံ့ခိုင်မြဲဖို့အရေးမှာ ခင်ပွန်းဖြစ်သူ၊ ဇနီးမယားဖြစ်သူနှစ်ဦးလုံးမှာ တာဝန်ရှိတယ်လို့ပြောရမယ်။ အပြန်အလှန်လေးစားချစ်ခင်ကြင်နာမှု၊ သစ္စာရှိမှုများနဲ့အတူ မိမိတာဝန်မိမိကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်သွားဖို့က အခြေခံဖြစ်မယ်၊ အေးအတူပူအမျှ လောကဓံတရားရဲ့ရိုက်ခတ်မှုကို ကြံ့ကြံ့ခိုင်တုန့်ပြန်နိုင်အောင် ကြိုးစားပြီး၊ အဆိုး၊ အကောင်းဘဝလမ်းကြောင်းကို ဇွဲဝီရိယညာဏ်စွမ်းများနဲ့ လျှောက်လှမ်းကြရမယ်။ သူများကိုကူညီဖို့၊ လဲနေသူထူပေးဖို့စိတ်ကူးရင်း လောကကြီးကို အကောင်းရှုမြင်ပြီး၊ တန်ဖိုးရှိလူများအဖြစ် ခံယူလုပ်ဆောင်သွားကြမယ်ဆိုရင် မိသားစုရေရှည်တည်တံ့ဖို့က လွဲချော်စရာမရှိဘူးထင်ပါတယ်။ မုန်းစကိုတိုစေ၊ ချစ်စကိုရှည်စေဆိုတဲ့ စကားလေးအတိုင်း မေတ္တာတရားတွေအပြည့်နဲ့ မိသားစုအတွင်းမက၊ ကြုံတွေ့ဆက်ဆံကြရသူတွေအားလုံးအပေါ် နားလည်စာနာစိတ်တွေဖြန့်ကျက်သွားမယ်ဆိုရင်၊ ရေရှည်ထိန်းသိမ်းထားနိုင်မှု အကျိုးတရားတွေကို နေရာတိုင်းမှာ ရယူနိုင်မှာဖြစ်တယ်။

အလားတူပါပဲ Culture ဆိုတဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံနယ်ပယ်မှာလည်း မိမိတို့ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းလာခဲ့တဲ့ မြတ်နိုးဖွယ်ရာ ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဖွယ်ရာဝတ်စားဆင်ယင်မှုကစလို့ တန်ဖိုးထားစရာများအတွက် ရေရှည်တည်တံ့သွားနိုင်အောင် ကြိုးပမ်းသွားဖို့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ ယနေ့ခေတ်အချိန်အခါမှာ နည်းပညာတိုးတက်မှုတွေကြောင့် ဆက်သွယ်ရေးကဏ္ဍမှာ အရှိန်အဟုန်ပြင်းပြင်းနဲ့ **‘ကမ္ဘာကြီးပြားပြီ’** လို့ဆိုရလောက်အောင်ကူးစက်မှုတွေ အဆမတန်မြန်နေပြီ။ IT လောက၊ မီဒီယာလောကဆန်းသစ်တီထွင်မှုတွေကြောင့် နိုင်ငံရဲ့ယဉ်ကျေးမှုတွေမှာ လူတွေသတိမထားမိစဉ်မှာပင် 'Diffusion' ဆိုတဲ့ ရောပြွမ်းမှုတွေဖြစ်လာနေတာလည်း ကြာနေပြီ။

အတုယူစရာရှိတာယူကြပြီး၊ မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားစရာ၊ မြတ်နိုးဖွယ်ရာများကိုတော့ Sustainability တာရှည်တည်တံ့ခိုင်မြဲအောင်ရှိစေဖို့အရေး နိုင်ငံသားအားလုံးဝိုင်းဝန်းကြံဆောင်ကြရပါမယ်။



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်

စက်မှုဝန်ကြီးဌာန အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၁၁ ရက်နေ့ နေ့လယ် ၁ နာရီတွင် နေပြည်တော်၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇) စုပေါင်းခန်းမ၌ကျင်းပသည်။ ရှေးဦးစွာ သင်တန်းသားများက 'Third Wave Reform' ကို 'Table Discussion' အဖြစ် တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍသည် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်မှသာလျှင် ခေတ်သစ်၏ပညာအခြေပြုစီးပွားရေးနယ်ပယ်တွင် အခြားနိုင်ငံများနှင့်ရင်ဘောင်တန်းပြီး ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဟု နိုင်ငံတော်သမ္မတကြီးကလမ်းညွှန်ထားကြောင်း၊ မိမိတို့စက်မှုဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုသင်တန်းကျောင်းများဖွင့်လှစ်ပြီး ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးခြင်း၊ Mobile Team များဖြင့် ကျေးရွာလူထုဆီအရောက် ရက်တိုသင်တန်းများဖွင့်လှစ်ပေးခြင်းအပြင် ဝန်ထမ်းများအတွက် အင်္ဂလိပ်စာအရည်အသွေးများ တိုးတက်လာစေရေးအတွက် အင်္ဂလိပ်စာသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုအခြေအနေများအား အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် စက်မှုဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် အစိုးရ၊ ပုဂ္ဂလိကပညာရှင်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ ဝန်ထမ်းများအား ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို သိရှိပြီးစွမ်းဆောင်ရည်ရှိရှိ လုပ်ကိုင်နိုင်ရေးအတွက် Capacity Building Training များကိုလည်း စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဘက်စုံပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့်အတူ နိုင်ငံတကာအသိုင်းအဝန်းနှင့် ပိုမိုပေါင်းစည်းပြီးဖြစ်ကြောင်း၊ နိုင်ငံတကာမှချမှတ်ထားသည့် ထောင်စုနှစ်ရည်မှန်းချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ တိုးတက်မှုနှင့်ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းများကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူထမ်းဆောင်နေပြီဖြစ်၍ အရှေ့တောင်အာရှနှင့် အာရှဒေသဆိုင်ရာကိစ္စများ၊ တစ်ကမ္ဘာလုံးဆိုင်ရာကိစ္စများကို အာဆီယံဥက္ကဋ္ဌနိုင်ငံအဖြစ် ဘက်စုံထောင့်စုံမှလေးလေးနက်နက် ပါဝင်ဆောင်ရွက်နေကြောင်း၊ ထိုသို့ နိုင်ငံတကာနှင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်စေရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြင့်မားရေးနှင့် တစ်ဦးချင်း၏ကိုယ်ရည်ကိုယ်သွေးများပါ တိုးတက်လာရေးအတွက် ယခုလိုအင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ်ဆက်လက်ဖွင့်လှစ်ပြီး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးကို ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏တတိယအဆင့် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာလုပ်ငန်းစဉ်အဖြစ် အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ်တိုးတက်ကောင်းမွန်အောင် အစီအမံနှင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေပြီဖြစ်၍ ပြည်သူ့ဗဟိုပြုနိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း တစ်ဦးချင်းအရည်အသွေးနှင့်အရည်အချင်းတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားကြရန်မှာကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းကို စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်းများမှ ဝန်ထမ်း ၃၀ ဦးဖြင့် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှ ရက်သတ္တပတ် ၁၀ ပတ်ကြာ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံရှိ နိုင်ငံပိုင်စက်ရုံများ၏ ထုတ်လုပ်မှုနည်းပညာနှင့် စက်ပစ္စည်းများအပေါ်အခြေခံပြီး ပုဂ္ဂလိကကဏ္ဍများ၏ အားနည်းချက်များတွင် အထောက်အကူဖြစ်စေမည့် မူဝါဒများချမှတ်ဆောင်ရွက်နိုင်ရန် ဂျပန်နိုင်ငံနှင့်အခြား အာဆီယံနိုင်ငံများ၏ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအားလေ့လာပြီး မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေမည့် Policy & Institutional Framework များ ချမှတ်နိုင်ရေး ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် ဩဂုတ်လ ၁၀ ရက်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (The Seminar on SME Development-Coordination among Industrial, Trade and Investment related Policy and effective service delivery for SME Promotion) တွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ ပြည်သူလူထုတစ်ရပ်လုံး၏ လူနေမှုအရည်အသွေးတိုးတက်စေရန်အတွက် လူမှုစီးပွားနယ်ပယ်အသီးသီးတွင် ပြည်တွင်းမှာရှိသည့် အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသတွင်းအစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ ပြည်တွင်းအားကိုသာမက အပြည်ပြည်ဆိုင်ရာ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူပေါင်းပါဝင်ဆောင်ရွက်မှုသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြန်ဆန်မည်ဖြစ်ကြောင်း၊ အာဆီယံဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ၂၀၁၅ တွင် မြန်မာ့အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အာဆီယံဘုံဈေးကွက်သို့ ဝင်ရောက်ပြီး အာဆီယံနိုင်ငံများနှင့်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း ဈေးကွက်တွင် ခိုင်မာသည့်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်များကို အလွယ်တကူဖြန့်ဖြူးရောင်းချနိုင်ရမည်ဖြစ်ကြောင်း၊ မြန်မာ့အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်များသည် တီထွင်ဆန်းသစ်မှုများ၊ ဈေးကွက်မှလိုအပ်သည့် ပစ္စည်းအမျိုးအစားများ၏ ဈေးနှုန်းအတိုင်းထုတ်လုပ်နိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်တည်ထောင်နိုင်ရေး နှင့်ကောင်းမွန်တိုးတက်သော မူဝါဒဖြစ်ထွန်းရေးကိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ Industrial Development and Public Policy Department မှ ညွှန်ကြားရေးမှူးချုပ် Mr. Takumi Ueshisma က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းချုပ်အနေဖြင့် ပြည်တွင်းရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Tokyo University of Science မှ Prof: Matsushima က Development of SME and roles of SME center ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်း

စာမျက်နှာ ၆ သို့ -

# စက်မှုဝန်ကြီး ဦးမောင်မြင့်အား ကိုရီးယားနိုင်ငံ POSCO Steel Co., Ltd. မှ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ကိုရီးယားနိုင်ငံ POSCO Steel Co. Ltd မှ Managing Director ဖြစ်သူ Mr.C.K.Kim ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၈ ရက်နေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) ကို Feasibility Study ပြုလုပ်ခဲ့ပြီးနောက် လေ့လာတွေ့ရှိချက်များအား ရှင်းလင်းတင်ပြပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ စက်ရုံအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားအလုံအလောက်ရရှိရေး ကိစ္စရပ်များကို အမြင်ခြင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား မလေးရှားသြဇာအဖွဲ့ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား မလေးရှားနိုင်ငံ YTL Cement Enterprises Sdn Bhd မှ Director ဖြစ်သူ Mr.Joshua Yeoh Keong Junn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၅ ရက်နေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း) ဘိလပ်မြေစက်ရုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များနှင့်ပတ်သက်၍ ဘိလပ်မြေစက်ရုံအတွက် အဓိကကုန်ကြမ်းဖြစ်သည့် Limestone Reserve ရရှိနိုင်မှုအခြေအနေများ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံ Friedrich Naumann Foundation (FNF) တို့သည် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာများနှင့်အစီအမံများရေးဆွဲခြင်း၊ Capacity Building မြှင့်တင်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် ကွန်ဖရင့်များကျင်းပခြင်း၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့လာရေးခရီးစဉ်များဆောင်ရွက်ခြင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ အသိဉာဏ်ပညာဖြန့်ဝေခြင်းကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဦးနှစ်ဖက်သဘောတူစာချုပ် (Memorandum of Understanding- MOU) ကို ဩဂုတ်လ ၉ ရက်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ကျင်းပခဲ့ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး နားလည်မှုစာချွန်လွှာအား စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်နှင့် Friedrich Naumann Foundation (FNF) အဖွဲ့အစည်းမှ အရှေ့တောင်အာရှ အရှေ့အာရှဒေသဆိုင်ရာ ဒါရိုက်တာ Mr. Moritz Kleine-Brockhoff တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

QUALITY IS A

NEVER ENDING JOURNEY

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျာမနီနိုင်ငံသြဇာအဖွဲ့နှင့် တရုတ်နိုင်ငံသြဇာအဖွဲ့တို့ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျာမနီနိုင်ငံ Friedrich Naumann Foundation for Freedom (FNF) မှ Regional Manager ဖြစ်သူ Mr.Moritz Kleine-Brockhoff ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၆ ရက်နေ့ နေ့လယ် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒနှင့် ဥပဒေကြမ်းများရေးဆွဲခြင်း၊ Capacity Building မြှင့်တင်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် Conference များကျင်းပခြင်း၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့လာရေးခရီးစဉ်များဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဦးနှစ်ဘက်နားလည်မှုစာချွန်လွှာ MOU ရေးထိုးရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

နေ့လယ် ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား တရုတ်နိုင်ငံ Shanghai New Hualian Pharmaceutical Co., Ltd မှ Chairman ဖြစ်သူ Mr.Zhou Qruhuo ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ (ချောက်) အားငှားရမ်းနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲများသို့ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျက်နှာဖုံးမှ -**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား Asia Development Bank (ADB) ၏ Principal Economist ဖြစ်သူ Dr. Armin Bauer ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၁၂ ရက်နေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ADB သည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဝင်ငွေနည်းပါးသည့် လူတန်းစားအားလုံးပါဝင်နိုင်သည့် စီးပွားရေးအခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည့် 'Inclusive Business' များတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်နိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်းပြောကြားရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ၇၀% သောပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းတွင်သာ အဓိကလုပ်ကိုင်နေကြသည့်အတွက် ၎င်းတို့ကို အထောက်အပံ့ပြုနိုင်မည့် Agro-based Industry နှင့်အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် CMP ဆိုင်ရာစက်မှုလုပ်ငန်းများကို ADB ၏ 'Inclusive Business' ဖော်ဆောင်ရာတွင် ဦးစားပေးကဏ္ဍအဖြစ် ထည့်သွင်းစဉ်းစားရန်နှင့် မြန်မာနိုင်ငံ၏ 'Industry Policy & Industry Planning' ရေးဆွဲရာတွင် ADB မှပူးပေါင်းဆောင်ရွက်ပေးရန်တို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၅ မှ -**

က The overview of the second advanced course and their study cases ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စက်မှု ဝန်ကြီးဌာန၊ ကုန်သည်/စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီရုံးချုပ်နှင့် ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များတက်ရောက်ခဲ့ကြသည်။

# အသိမှန်မှ အမှန်သိမယ် (၁၃)



**မောင်ဉာဏ် (ရုံးချုပ်)**

တစ်နေ့သ၌ ကျွန်ုပ်သည် ဆရာတော်အားဖူးမြော်ရန်နှင့်မရှင်းလင်းသောပြဿနာတစ်ခုအားမေးရန် ကန်ကျောင်းသို့ထွက်လာခဲ့၏။ ကျက်သရေခန်းတွင် အနားယူနေသော ဆရာတော်အားအခန့်သင့်ပင် ဖူးတွေ့ရလေ၏။ ကျွန်ုပ်လည်း သပ္ပါယ်လှစွာသော ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့်ဆရာတော်အား ဦးချကန်တော့လိုက်လေ၏။

ဆရာတော် - ဒကာကြီး အဖန်ရေသောက်။

ကျွန်ုပ် - တင်ပ့ါဘုရား။

ဆရာတော် - အလုပ်အကိုင်ကော အဆင်ပြေရဲ့လား။

ကျွန်ုပ် - တင်ပ့ါဘုရား။ ပုံမှန်ပါပဲဘုရား။

ဆရာတော် - သမ္မာအာဇီဝကျပါစေကွယ်။ ကဲ လျှောက်စရာပါရင် လျှောက်ပါဒကာကြီး။

ကျွန်ုပ် - အရှင်ဘုရား၊ ဗုဒ္ဓဘာသာသမိုင်းမှာ ဘုရားအလောင်းတော်ကအစ သတ္တဝါတိုင်းဟာ ဆုတောင်းခြင်းအမှုကို ပြုကြပါတယ်ဘုရား။ အလောင်းတော်သုမေဓါဘဝက ဒီပင်္ကရာဘုရားရှင်ထံ ဘုရားဆုပန်ခဲ့တယ်။ အခြားဘဝတွေမှာလည်း ဘုရားဆုပန်ခဲ့တာပါပဲဘုရား။ လူသားအားလုံးလည်း ကိုယ်ကိုးကွယ်ရာ ဘုရားသခင်၊ ဖန်ဆင်းရှင်၊ နတ်ဘုရားတွေထံမှာ ကိုယ်လိုရာဆုပန်ကြတာပဲဘုရား။ တပည့်တော်တို့ပတ်ဝန်းကျင်ရှိလူတွေနဲ့ တပည့်တော်ကိုယ်တိုင်လည်း ကောင်းမှုပြုတိုင်း လိုရာဆုပန်ကြတာပဲဘုရား။ ဆုတောင်းပြည့်တယ်ဆိုတာမရှိသလောက် ရှားပါတယ်ဘုရား။ ဒီလိုမပြည့်မှတော့ ဆုတောင်းခြင်းဟာအပိုဖြစ်မနေဘူးလားဘုရား။

ဆရာတော် - ဒကာကြီးက ဆုတောင်းပုံသိပြီး၊ ဆုယူပုံကျမသိလို့ ဒီပြဿနာဖြစ်နေတာပါ။ ဦးပဉ္ဇင်းက ဘာသာခြားအနောက်တိုင်းရဲ့ ဆုတောင်းပုံ၊ ဆုယူပုံလေး အရင်ရှင်းပြမယ်။ ဒကာကြီး သေသေချာချာအာရုံစိုက်ပြီးနာပေ့ါ။ ပုံပြင်လေးတစ်ပုဒ်ပါ။

ကျွန်ုပ် - မှန်ပ့ါဘုရား။

ဆရာတော် - အနောက်တိုင်းက လူတစ်ယောက်ဟာ အမှုကိစ္စတစ်ခုခု လုပ်တိုင်းလုပ်တိုင်း ဘုရားသခင်ထံမှာ ဆုတောင်းပြီးမှလုပ်ဆောင်သော်လည်း မအောင်မြင်သည်ကများခဲ့တယ်။ ထိုသူရဲ့ မိသားစုဟာလည်း ဘုရားသခင်ကို ယုံကြည်ကိုင်းရှိုင်းသူများဖြစ်ကြတယ်။ ဘုရားသခင်ကို ရိုသေကိုင်းရှိုင်းသော်လည်း မည်သည့်ကိစ္စမျှ မအောင်မြင်၍ ကောင်းကင်ကိုမော့ကြည့်ပြီး ဘုရားသခင်ကို အပြစ်တင်ဝေဖန်လေ့ရှိတယ်။ တစ်နေ့တော့ ဘုရားကကိုယ်ထင်ပြပြီး 'အိုလူသား သင်ဘာဖြစ်ချင်ပါသလဲ' ဟုမေးရာ ထိုသူက ဘုရားထံဆုတောင်း၍ အမှုကိစ္စများလုပ်ဆောင်သော်လည်း မအောင်မြင်ကြောင်း၊ ဒါကြောင့် ဘုရားကိုမုန်းကြောင်း ပြန်ပြောခဲ့တယ်။ ဒီအခါမှာ ဘုရားသခင်က ကရုဏာရှေ့ထားပြီး ထိုသူအား လူ့လောကကြီးကို ၁၀ ရက်ခန့် အုပ်ချုပ်ရန်နှင့် သင့်တင့်သော တန်ခိုးအစွမ်းတို့ကို ပေးသနားလိုက်တယ်။

ထိုသူလည်း သူရရှိလာတဲ့ တန်ခိုးစွမ်းအားနဲ့ လူသားတို့သူခံစားရသလို မခံစားရရန် 'ဆုတောင်းတိုင်းပြည့်ဝကြစေ' ဆိုတဲ့ဆုကို လူသားအားလုံးအား ပေးခဲ့တယ်။ လူသားအားလုံးဟာလည်း ဆုတောင်းပြီးလုပ်ရင်အောင်မြင်တယ်လို့ ယုံကြည်ကြပြီး လုပ်စရာများကို ဆုတောင်းပြီးမှဆောင်ရွက်ကြတော့တယ် ဒကာကြီး။

ကျောင်းသားတွေဟာ ဆုတောင်းပြီး စာမေးပွဲဖြေကြတော့ အားလုံးထူးချွန်စွာနဲ့ အောင်မြင်ကြတယ်။ ပညာတတ်တွေချည်းဖြစ်နေလို့ အလုပ်အကိုင်ခန့်အပ်တဲ့နေရာမှာ အောက်ခြေဝန်ထမ်းခန့်အပ်လို့မရ။ အောက်ခြေဝန်ထမ်းမရှိတော့ အလုပ်အကိုင် အခက်အခဲဖြစ်ကြရတယ်။ ဓါးပြများကလည်းဆုတောင်းပြီး ဓါးပြတိုက်ကြလို့ ၎င်းတို့လုပ်ငန်းအဆင်ပြေအောင်မြင်ပြီး လူထုမှာဒုက္ခရောက်ကြရတယ်။ ထောင်ကျသူများဟာလည်း ဆုတောင်းကြလို့ အားလုံးထောင်မှလွတ်ငြိမ်းချမ်းသာခွင့်ရကြပြီး၊ ပြင်ပလောကမှာ ဆိုးသွမ်းသူများပေါများလာခဲ့တယ်။ ဒုစရိုက်အမှုတွေလည်း တိုးပွားလာခဲ့တယ်။ သူဘရာဇာများကလည်း ဆုတောင်းကြလို့ အလုပ်အကိုင်တွေအဆင်ပြေပြီး လူသေမှုတွေ များပြားလာခဲ့တယ်။ ဆရာဝန်များဟာလည်း ဆုတောင်းကြလို့ ဆေးရုံဆေးခန်းတွေမှာ လူစည်ကားပြီး လူတွေရောဂါထူပြောလာကြတယ်။ ရာထူးတိုးလိုသူတွေကလည်း ဆုတောင်းကြလို့ ရာထူးနေရာတွေပြည့်ကျပ်ပြီး အလုပ်လုပ်၍မရအောင်ဖြစ်ကြရတယ်။

ထိုသူတွင် ရုပ်အလွန်ဆိုးသောအစ်မတစ်ယောက်ရှိပြီး ကမ်းလှမ်းမည့်သူမရှိဘဲဖြစ်နေရာ ယခုဆုတောင်းလိုက်၍ ရုပ်ရည်လှပလာပြီး လမ်းထွက်တိုင်း ယောက်ျားလေးများလိုက်လံနှောက်ယှက်မှုခံရသဖြင့် မိသားစုမှာစိတ်ညစ်ရပြီး အိမ်တွင်းရေးပြဿနာ၊ လူမှုရေးပြဿနာများဖြစ်ကြရတယ်။ ထိုသူ၏ချစ်သူကို အခြားသူတစ်ဦးကရယူလိုကြောင်း ဆုတောင်း၍ ဆန္ဒပြည့်ဝသွားပြီး ကိုယ့်ချစ်သူသူများနောက်ပါသွားရတယ်။

လမ်းဘေးမှာအရူးတစ်ဦးသည်လည်း ငွေတောင်းခံစားသောက်စဉ်က ငြိမ်းချမ်းနေသော်လည်း မတည်ငြိမ်သောစိတ်ဖြင့် သူလိုရာဆုတောင်းရာ လမ်းပေါ်တွင် ရုန်းရင်းဆန်ခတ်ဖြစ်ပြီး ရဲများထိန်းသိမ်းခြင်းကိုခံလိုက်ရတယ်။

၁၀ ရက်ပြည့်သောနေ့တွင် ထိုသူသည် စိတ်ညစ်စွာဖြင့် ဘုရားနှင့်ပြန်လည်တွေ့ဆုံခဲ့ရာ ထိုသူက ဘုရားအား လူ့လောကကြီးတွင် ဆုတောင်းတိုင်းပြည့်နေ၍ ဒုက္ခရောက်ကြရကြောင်း လျှောက်ထားရာ ဘုရားသခင်က 'ငါလူသားတွေနဲ့ ကမ္ဘာကြီးကို ဖန်ဆင်းခဲ့စဉ်က အပြစ်မဲ့လူသားများနဲ့ သာယာသောကမ္ဘာကြီးသာဖြစ်ကြောင်း၊ လူသားတွေရဲ့ လောဘ၊ ဒေါသ၊ မောဟများကြောင့်သာ ကမ္ဘာကြီးဟာ တဖြည်းဖြည်း ပျက်စီးလာနေပြီဖြစ်ကြောင်း၊ လောဘသားများ၏ဆုတောင်းကို ငါဘုရားမှမဖြည့်ဆည်းဘဲ ကံ၊ ကံ၏အကျိုးအတိုင်း ကြိုးစားအားထုတ်မှု၏ အကျိုးရလဒ်ဖြင့်သာ လိုရာဆန္ဒကိုရမည်ဖြစ်ကြောင်း၊ ကိုယ်တိုင်ကြိုးစားမှုရရှိသော အကျိုးရလဒ်သည်သာ တန်ဖိုးရှိကြောင်း ရှင်းပြပြီး၊ ဘုရားသခင်ကဲ့သို့ တန်ခိုးရရှိနိုင်သော်လည်း ဘုရားကဲ့သို့ စိတ်ထားထားတတ်မှ ထိုတန်ခိုးသည် လူသားများအား ငြိမ်းချမ်းမှုရစေမှာဖြစ်ကြောင်းတို့ကို ဆုံးမရာ ထိုသူလည်း အသိတရားရရှိသွားပြီးနောက် ကောင်းမွန်သော ရည်ရွယ်ချက်၊ ထက်သန်သောစိတ်ထား၊ မလျှော့သောဇွဲလုံ့လတို့နှင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် လုပ်ငန်းများအောင်မြင်ပြီးမြောက်လာခဲ့တယ်။ မိသားစုကိုလည်း ဘုရား၏အဆုံးအမများ ပြန်လည်ဟောပြရာ ထိုသူ၏အစ်မရုပ်ဆိုးသူဟာလည်း စိတ်ထားကောင်းများထားရှိပြီး စိတ်ထားကောင်းမွန်သူဖြစ်လာကာ သင့်တင့်သောအမျိုး

စာမျက်နှာ ၈ သို့ -

စာမျက်နှာ ၇ မှ -

သားတစ်ဦးနှင့် အိမ်ထောင်ပြုနိုင်ခဲ့တယ်။ ကမ္ဘာမှာလူသားအားလုံးလည်း ကံ၊ ကံ၏ အကျိုးဖြင့် ကြိုးစားရင်းပျော်ရွှင်သော ကမ္ဘာတစ်ခု တည်ထောင်နိုင်ခဲ့ကြတယ်။ ပုံပြင်လေးကပြီးပါပြီ ဒကာကြီး။ ဒါက ဘာသာခြားတွေရဲ့ဆုတောင်းပုံနဲ့ ဆုယူပုံပဲ။ ဆုတောင်းသူနဲ့ ဆုပေးသူအကြောင်းပဲ။

ကျွန်ုပ် - မှန်ပါ့ ဘုရား။

ဆရာတော် - ဦးပဥ္စင်းတို့ ဗုဒ္ဓဝါဒဘုရားအလိုကျ ဆုတောင်းခြင်းနှင့်ဆုယူပုံလေး ရှင်းပြမယ် ဒကာကြီး။ ကံ ၃ ပါးရှိတယ်။ ဘာတွေလဲ ဒကာကြီး။

ကျွန်ုပ် - မှန်ပါ့ ကာယကံ၊ ဝစီကံ၊ မနောကံပါ ဘုရား။

ဆရာတော် - မှန်တယ် ဒကာကြီး။ ဘယ်အမှုကိုပြုသည်ဖြစ်စေ၊ ဘာပဲလုပ်လုပ် ဘာပဲပြောပြော စိတ်သည် ရှေးဦး ရှေ့ဆောင်ဖြစ်တယ်။ ဥပမာ - ငါ ဒါရချင်တယ်။ ငါ ဒီလိုဖြစ်ချင်တယ်။ ဘုရားထံ (သို့မဟုတ်) သီလ၊ သမာဓိ ပညာနဲ့ပြည့်စုံတဲ့ သံဃာတော်တွေထံဆုတောင်းမှုပဲ။ ဒီလိုတွေးတာက မနောကံပဲ။ ဘုရားရှေ့ (သို့) သံဃာတော်တွေထံ ဆုတောင်းတာက ဝစီကံ။ ဆုတောင်းပြီး ဒီဆုတောင်းပြည့်အောင် ဘယ်လိုလုပ်ရမယ်။ မေးမြန်းနည်းလမ်းရှာပြီး ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ကြိုးစားယူရမယ်။ ဒါက ကာယကံဖြစ်တယ် ဒကာကြီး။ ဘုရားရှေ့ (သို့) သံဃာတော်အရှင်မြတ်တွေရှေ့ ဆုတောင်းရုံ ဆုတောင်းပြီး ဘာမှမကြိုးစားရင်တော့ ကိုယ်လိုချင်တဲ့ ဆုပြည့်မှာမဟုတ်ဘူး ဒကာကြီး။ ဘုရားဟောခဲ့တဲ့ ပိဋကတ် ၃ ပုံမှာလည်း 'ငါဘုရားထံ သင်တို့လိုရာဆုတောင်းကြ' လို့ မပါသလို 'လိုရာတောင်းတဲ့ဆုပြည့်စေ' လို့ဟောထားတာလည်းမရှိဘူး ဒကာကြီး။ သုမေဓါရသေ့ဟာ ဒီပင်္ကရာဘုရားထံ ဘုရားဆုပန်ပြီး ဗျာဒိတ်စကားကြားတာနဲ့ ဘုရားဖြစ်အောင် ဘာတွေလုပ်ရမယ်၊ ဘယ်လိုဖြည့်ကျင့်ရမယ်ဆိုတာ လေ့လာဆည်းပူးပြီး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အသွေးအသားတွေလှူ၊ ထီးနန်းစည်းစိမ် မိသားစုတွေစွန့်ပြီး ပါရမီတော်တွေကို ဘဝမျိုးစုံနဲ့ဖြည့်ကျင့်ခဲ့ရတယ်။ ဗျာဒိတ်စကားကြားပြီး 'ငါအချိန်တန်ဘုရားဖြစ်မှာပဲ' ဆိုကာ အေးအေးဆေးဆေးနေခဲ့ပြီး ကြိုးကြိုးစားစားပါရမီတွေကိုသာ မဖြည့်ကျင့်ခဲ့ရင် အခုချိန်ဦးပဥ္စင်းတို့၊ ဒကာကြီးတို့ ကိုးကွယ်ရာဘုရားပွင့်လာမှာ မဟုတ်ဘူး။

ဆုတောင်းတယ်ဆိုတာ သီလ၊ သမာဓိ၊ ပညာနဲ့ပြည့်စုံတဲ့ မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေထံ ကိုယ်လိုချင်တဲ့ လိုအင်ဆန္ဒတွေကို ဖွင့်ဟတိုင်တည်ပြီး မရရအောင်ကြိုးစားယူပါ့မယ်လို့ ကတိပြုတာပဲ။ အထင်ကရပုဂ္ဂိုလ်ဆီမှာ ကတိပြုပြီး အေးအေးဆေးဆေးနေရင် ပညာရှိတို့ကဲ့ရဲ့ခြင်းခံရမယ်။ လူပျင်းလို့ ပညာရှိများ ကဲ့ရဲ့ခြင်းမခံရအောင် ဆုတောင်းထားတဲ့အတိုင်း ကြိုးစားပြီး ရအောင်ယူခြင်းသည်သာ ဗုဒ္ဓလမ်းစဉ်၊ ဆုတောင်းပြည့်အောင်လုပ်နည်း၊ ဆုယူနည်းပဲဒကာကြီး။ ကံ၊ ကံ၏အကျိုးဆိုတာ ကိုယ်ပြုတဲ့ကံ အမှုအကြောင်းကြောင့် ကိုယ်တိုင်အကျိုးခံစားရတယ်။ ဒါကို အကြောင်းအကျိုးတရားလို့လည်း ခေါ်လို့ရတယ် ဒကာကြီး။ ဆုတောင်းပြည့်အောင်ပြုတဲ့အခါမှာလည်း ကံ၊ ဉာဏ်၊ ဝီရိယပါမှရမယ်။ ပုံပြင်လေးတစ်ပုဒ်ပြောပြမယ်။ ကံ၊ ဉာဏ်၊ ဝီရိယအသီးသီး ယုံကြည်ကိုးစားတဲ့သူ ၃ ဦးဟာ ခရီးတစ်ခုအတူတူထွက်လာကြတယ်။ သရက်သီးတွေသီးနေတဲ့ သရက်ပင်အောက်ရောက်တော့ ထမင်းစားချိန်လည်း ကျော်လွန်နေပြီ၊ ဗိုက်ဆာဆာနဲ့ သရက်ပင်အောက်ဝင်နားကြသတဲ့။ ဒီအခါမှာ ကံကိုယုံကြည်တဲ့သူက ကံရှိရင် ငါတစ်ခုခုစားရမှာပဲလို့ ပြောသတဲ့။ ဉာဏ်သမားကလည်း သရက်ပင်အကြီးကြီးဆိုတော့ တက်ခူးဖို့ကမလွယ်ဘူး။ တုတ်တစ်ချောင်းနဲ့ပစ်လိုက်ရင်တော့ သရက်သီးတွေ ကျလာမှာပဲလို့ပြောသတဲ့။ ထတော့ မလုပ်ဘူးနော်။ ဝီရိယသမားက ဉာဏ်သမားပြောတာကြားပြီး တုတ်တစ်ချောင်းရှာပစ်လိုက်တော့ သရက်သီးတွေကျလာတယ်။ သူတို့လည်း ခွဲဝေစားကြသတဲ့။ အဲဒီမှာကံသမားက 'ငါပြောသားပဲ၊ ကံရှိရင်စားရမှာပဲ' လို့ပြောတယ်။ ဉာဏ်သမားကလည်း 'မင်းကံအသာထားပါ။ ငါဉာဏ်နဲ့နည်းလမ်းရှာလို့ စားရတာကွ' လို့ ပြောသတဲ့။ ဝီရိယသမားက 'မင်းတို့ ကံတွေ၊ ဉာဏ်တွေချည်း ဘယ်ရလိမ့်မလဲ။ ငါ ဝီရိယစိုက်ထုတ်လို့သာ ဒီသရက်သီးတွေရတာပေါ့' လို့ပြောသတဲ့။ လောကကြီးမှာ အကြောင်းကင်း၍ ဖြစ်ပေါ်လာတဲ့ အကျိုးတရားဆိုတာမရှိဘူး။ ဒါကြောင့် ကံလည်းရှိရမယ်။ ဉာဏ်အမြော်အမြင်လည်းရှိရမယ်။ ဝီရိယစိုက်ထုတ်မှုလည်း အားကောင်းရမယ်။ ဒီအကြောင်းတရားတွေနဲ့ ပြည့်စုံရင် ကိုယ်တောင်းတဲ့ဆုတစ်လုံး တစ်ဝတည်းမက ပြည့်စုံခြင်းအကျိုးတရားရရှိလာလိမ့်မယ် ဒကာကြီး။ ပြည့်စေလို့ဆုပေးတဲ့ ဘုရားထဲတော့ ဗုဒ္ဓဘုရားမပါဘူး ဒကာကြီး။ ယခု ဗုဒ္ဓဘာသာဝင်တွေက ဗုဒ္ဓလမ်းစဉ်အတိုင်း ဆုတောင်း၊ ဆုယူနည်းတွေမလုပ်ဘဲ ဘာသာခြားဆုတောင်းနည်းတွေနဲ့ ဆုတောင်းနေကြလို့ မပြည့်ကြတာဘဲ။ အခုဟာက အချောင်လိုချင်စိတ်နဲ့ ဆုတောင်းနေကြတာမဟုတ်လား ဒကာကြီး။

ကျွန်ုပ် - မှန်ပါ့ ရှင်းပါပြီ ဘုရား။ အချောင်လိုချင်တဲ့ တပည့်တော်ရဲ့ဆုတောင်းတွေကိုလည်း ရှက်မိပါပြီဘုရား။ နောင် ဆုတောင်းရင်လည်း ကြိုးစားပြီးယူပါ့မယ် ဘုရား။

ဆရာတော် - သာဓု သာဓု သာဓု။

ကျွန်ုပ် - အရှင်ဘုရားလည်း နားချိန်သင့်ပြီမို့ တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား။

ဆရာတော် - ကောင်းပါပြီ ဒကာကြီး။

ကျွန်ုပ်လည်း ဆရာတော်အား ဦးချကန်တော့ပြီး ဆုတောင်းပြည့်ဝလာသော ကလေးတစ်ဦးပမာ ပီတိအပြည့်ဖြင့် ပြန်ခဲ့လေတော့သတည်း။

*The Golden Industrial Journal*

**အတိုင်ပင်ခံအယ်ဒီတာ**
ဒေါ်ခင်မာရီ

**အယ်ဒီတာချုပ်**
ဦးအောင်စိုးရ

**အယ်ဒီတာ**
ဦးခင်မောင်သိန်း
ဦးအောင်မျိုးခိုင်
ဦးသောင်းဦး
ဦးကျော်လှိုင်

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဒေါ်သစ်သစ်အောင်

**ကွန်ပျူတာစာစီ**
ဒေါ်နှင်းသီတာ

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
မှတ်ပုံတင်အမှတ် – ၀၄၆၅၉
လိပ်စာ – အခန်း ၂၂၊ တိုက် ၄၆၊
ပညာသိဒ္ဓိရပ်ကွက်၊ နေပြည်တော်

**ပုံနှိပ်တိုက်**
ရွှေနိုင်ငံ

**ပုံနှိပ်သူ**
ဦးမောင်မောင်လှ
မှတ်ပုံတင်အမှတ် – ၀၅၇၄၅
အမှတ် (၉၀) ကမ္ဘာအေးဘုရားလမ်း၊
ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်

**စောင်ရေ**
၆၄၄၀

**တန်ဖိုး**
၂၀၀ ကျပ်

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်။
ဖုန်း – ၀၆၇ ၄၀၅၀၅၁
E-mail
shwesethmu@gmail.com

**ဖြန့်ချိရေး**
စက်မှုဝန်ကြီးဌာန

# ဘဝအချို့ကို ကယ်တင်နိုင်မည့်ဆားအကြောင်း

**ဒေါက်တာလပြည့်ခင်**

လူသားတို့အသက်ရှင်နေထိုင်မှုအတွက် နေ့စဉ်စားသောက်နေထိုင်မှုတွင် အရေးပါအရာရောက်ဆုံး အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့အနက် အငန်ဓာတ်ပေးသည့် ဆား၏အကြောင်းကိုဖော်ပြလိုပါသည်။ ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန်ဟူသော အရသာ ၆ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး ဆားမပါသောအစားအစာသည် အရသာမရှိပေ။ ချက်ပြုတ်ရာတွင်သာမက အသားခြောက်များ၊ အသီးအရွက်များကို မပုပ်သိုးဘဲ ကြာရှည်အထားခံအောင် ပြုပြင်စီမံရာတွင်လည်း ဆားကိုအများအပြားအသုံးပြုကြသည်။ ပါးစပ်နှင့်သွားသန့်ရှင်းစင်ကြယ်ရေးအတွက် ဆားကိုသာနေ့စဉ်အသုံးပြုခြင်း၊ ညအိပ်ရာဝင် ဝမ်းနှုတ်ဆေးသောက်ရာတွင်လည်း ဆားနှင့်ရောသောက်ခြင်း၊ ဖျားနာသော် ကွမ်းရွက်ပြုတ်ရေတွင် ဆားခတ်သောက်ခြင်း၊ ချွေးထွက်လွန်သူများသည်လည်း ဆားစားပေးခြင်း၊ မြန်မာ့ဆေးနည်းများစွာတွင်လည်း ဆားခတ်သောက်ရန် အညွှန်းများစွာရှိခြင်းအစရှိသည်ဖြင့် လူတို့အတွက်မရှိမဖြစ်သော ဆားသည် အသုံးဝင်သောအခြားအကြောင်းအချက်များစွာ ရှိပါသေးသည်။

ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှု၊ ကြီးထွားမှု၊ နေ့စဉ်လှုပ်ရှားသွားလာနေထိုင်မှုတို့အတွက်လည်း ဆားသည်အရေးပါနေပြန်သည်။ လူ့ခန္ဓာကိုယ်၏ ၀. ၅ %သည် ဆားဓာတ်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျန်းမာသန်စွမ်းသော လူတစ်ယောက်၏ ခန္ဓာကိုယ်သည် ဆား ၅ ကျပ်သားခန့်ရှိရပြီး ထို့ထက်လျော့နည်းပါက (သို့) ဆားကို ရက်အနည်းငယ်မျှ လုံးဝမစားဘဲနေလိုက်ပါက ဒူးဆစ်၊ လက်ဆစ်များချောင်လာပြီး အားလျော့လာပါသည်။ ထိုပမာဏထက်မလျော့အောင် အမြဲတမ်းဖြည့်ပေးနေရပါသည်။ ထိုဆားဓာတ်သည် လူ၏ခန္ဓာကိုယ်ထဲတွင် ဟိုက်ဒရိုကလိုရစ်အက်ဆစ် (Hydrochloric acid-HCI) အဖြစ်ပြောင်းသွားပြီးနောက် အစာအိမ်ထဲမှအစာကိုကျေညက်စေပြီး ခန္ဓာကိုယ်အတွင်းသို့ဝင်လာသောရောဂါပိုးများကိုလည်း ချေဖျက်ပေးပါသည်။ တစ်စုံတစ်ခုအတွက် ထိတ်လန့်မှုဖြစ်ပွားပါက ဆုံးရှုံးသွားသော အချဉ်ဓာတ်အတွက် ဆားဆော်ဒါရည် တိုက်ကျွေးခြင်းဖြင့် လူ၏အသက်တစ်ချောင်းကို ကယ်တင်နိုင်ပါသည်။ ဆားသည် လူ့သမိုင်းစတင်ချိန်မှစ၍ လူတို့အတွက်မရှိမဖြစ်သော ပစ္စည်းတစ်ခုဖြစ်သဖြင့် ရှေးခေတ်ကမ္ဘာ၏အဓိကထုတ်ကုန်တစ်ခုဖြစ်သည်။ ကမ္ဘာပေါ်တွင် ရှေးအကျဆုံးသော ကုန်သွယ်ရေးလမ်းကြောင်းများသည် ဆားထွက်ရာဒေသများမှ စတင်ဖောက်သောလမ်းများဖြစ်သည်။ ရှေးက နယ်ရှင်ပယ်ရှင်အုပ်စိုးသူဘုရင်များကလည်း လက်အောက်ခံနယ်ပယ်များမှ ဆက်သရသောအခွန်ဘဏ္ဍာကို ဆားဖြင့် သတ်မှတ်ကောက်ယူလေ့ရှိသည်။ အချို့သော အာဖရိကနိုင်ငံများနှင့် အတ္တလန္တိတ်သမုဒ္ဒရာ တောင်ပိုင်းကျွန်းများပေါ်၌




ရောင်းဝယ်ဖောက်ကားမှုများတွင် ငွေကြေးအစား ဆားကိုယနေ့အထိ အသုံးပြုလျက်ရှိကြပါသည်။

သာမန်လူကြီးတစ်ယောက်အတွက် တစ်နေ့လျှင် ဆားအနည်းဆုံး ၁၀ ပိုင်း ၁ ပိုင်းကျပ်သားမျှ စားသုံးရန်လိုသည်။ သို့သော် လွန်ကဲစွာစားသုံးမိပါက သွေးတိုးရောဂါကဲ့သို့ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်နိုင်ပါသည်။ ကမ္ဘာပေါ်တွင် ဆားကို အသုံးပြုသောကိစ္စရပ်ပေါင်း ၁၅,၀၀၀ ကျော်ရှိရာ လူတို့စားသုံးသောပမာဏမှာ စုစုပေါင်းအသုံးပြုသောပမာဏ၏ ၅ % မျှသာရှိသည်။ ဆားကိုကမ္ဘာပေါ်တွင် ဓာတုဗေဒကုန်ကြမ်းအဖြစ် အသုံးပြုရသကဲ့သို့ အသားများမပုပ်မသိုးအောင် စီမံရာတွင်လည်းကောင်း၊ ဆပ်ပြာချက်ရာတွင်လည်းကောင်း၊ သံရည်ကျိုလုပ်ငန်း၊ သားရေနယ်လုပ်ငန်း၊ အထည်ဆေးဆိုးခြင်း၊ အသားများအအေးခံခြင်း၊ သတ္တုများချေးချွတ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆေးဝါးဖော်စပ်ရေးလုပ်ငန်း၊ ခဲယမ်းမီးကျောက်လုပ်ငန်းနှင့် ဖန်ချက်လုပ်ငန်းစသည့် စက်မှုလက်မှုလုပ်ငန်းပေါင်းများစွာတို့တွင်လည်းကောင်း အသုံးပြုကြသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် မွေးမြူရေးတိရစ္ဆာန်များအား ဆားကျွေး၍ ကောက်ရိုးသိုလှောင်ရာတွင် တာရှည်ခံအောင် ဆားကိုထည့်ရ၏။ စက်ရုံအလုပ်ရုံများတွင် ရေသွက်စေရန်လည်းကောင်း၊ လမ်းလုပ်ငန်းများတွင် ဆားကိုခိုင်စေသောအကူပစ္စည်းအဖြစ်လည်းကောင်း အသုံးပြုကြသည်။ အေးသောနိုင်ငံများတွင် ဆီးနှင်းထုထပ်သောဆောင်းရာသီ၌ လမ်းများပေါ်တွင် ဆားကိုဖြူးပေးရသည်။ ဆားနှင့်ဆီးနှင်းအရောသည် ရေထက်ရေခဲမှတ်နိမ့်ကျစေသောကြောင့် ဆားဖြင့်ဆီးနှင်းနှင့်ရေခဲတို့ကိုပျော်ကျစေခြင်းဖြင့် လမ်းကိုရှင်းရပါသည်။ ဆားသည် သဘာဝကုန်ကြမ်းများကို ပြုပြင်မွမ်းမံပြီး ရရှိလာသော သွယ်ဝိုက်အရင်းအမြစ် တစ်မျိုးလည်းဖြစ်ပါသည်။

သာမန်ဆားကို အခြေခံ၍ထုတ်လုပ်သော ဓာတုဗေဒစက်မှုလုပ်ငန်းများကား အများအပြားပင်ရှိပါသည်။ လူအများစားသုံးနိုင်သောဆားကို အင်္ဂလိပ်အခေါ်အားဖြင့် စားပွဲတင်ဆား (Table Salt) (သို့) စားသုံးရန်သင့်သောဆား (Edible Salt) ဟုခေါ်ပါသည်။ လူသားများစားသုံးနိုင်သော အမျိုးအစား ၃ မျိုးမှာ မပြုပြင်ရသေးသောဆားကြမ်း (Unrefined Salt) ဥပမာ-ပင်လယ်ဆား (Sea Salt)၊ ပြုပြင်ပြီးဆား (Refined Salt) စားပွဲတင်ဆား (Table Salt) နှင့်အိုင်အိုဒင်းဆား (Iodided Salt) တို့ဖြစ်သည်။ ဆားပုံဆောင်ခဲအရောင်သည် အဖြူရောင်၊ ပန်းရောင်ဖျော့ (သို့) မီးခိုးဖျော့ရောင်ရှိပါသည်။ သာမန်ဆားသည် ဆိုဒီယမ် (Positive Ions Na+) နှင့်ကလိုရင်း (Negative Ions $Cl_2$) ဒြပ်စင်နှစ်ခုတို့ပေါင်းထားသော ဓာတ်ပြယ်ဒြပ်ပေါင်းတစ်မျိုးဖြစ်၍ ဓာတုဗေဒအခေါ်ဖြင့် ဆိုဒီယမ်ကလိုရိုဒ် ($NaCl_2$) ဟုခေါ်သည်။ ဆားရည်ကို လျှပ်စစ်ဖြင့်ဓာတ်ခွဲလိုက်ပါက တောက်ပဖြူဖွေးသော ဆိုဒီယမ်သတ္တု (Sodium-Na) နှင့်ကလိုရင်း (Calorine-$Cl_2$) ခေါ်စိမ်းဝါရောင်အဆိပ်ငွေ့တို့ကို ရရှိပြီး စက်မှုလုပ်ငန်းများတွင် များစွာအသုံးဝင်ပါသည်။ ကလိုရင်းကိုအခြေခံ၍ ဟိုက်ဒရိုကလိုရစ်အက်ဆစ် (Hydrochloric Acid-HCl)၊ ကလိုရိုဖောင်း (Chloroform)၊ ဆာလဖာကလိုရိုဒ် (Sulphur Chloride-SCl)၊ ကာဗွန်တက်ထြာကလိုရိုဒ် (Carbon Tetrachloride-$CCl_4$)၊ ဟိုက်ပိုကလိုရိုဒ် (Hypochloride) စသောပစ္စည်းပေါင်းများစွာ ထုတ်လုပ်သွားနိုင်သည်။ ဟိုက်ပိုကလိုရိုဒ်များမှာ အရောင်ချွတ်ဆေး (Bleaching)၊ ပိုးသတ်ဆေးများ (Pepsticides) အဖြစ်လူတို့ နေ့စဉ်အသုံးပြုနေကြသော ဓာတုပစ္စည်းများဖြစ်သည်။ ကလိုရင်းဓာတ်ငွေ့ ($Cl_2$) သက်သက်အနေဖြင့် စက္ကူလုပ်ငန်းတွင်လည်းကောင်း၊ မြို့ပေးရေသန့်စင်ရေးလုပ်ငန်းတွင်လည်းကောင်း၊ ဆိုဒီယမ်သတ္တုကို ဆိုဒီယမ်ပါဝင်သော ဒြပ်စင်များထုတ်လုပ်ရေး၊ ဆိုးဆေးထုတ်လုပ်ရေးလုပ်ငန်းများတွင် အများအပြားအသုံးပြုသည်။ ဆိုဒီယမ်ကလိုရိုဒ်ကို တိုက်ရိုက်အသုံးပြုသောလုပ်ငန်းမှာ အဝတ်လျှော်ဆိုဒါဟုခေါ်သော ဆိုဒီယမ်ကာဗွန်နိတ် (Sodium Carbonate-$Na_2Co_3$) ထုတ်လုပ်ရေးဖြစ်သည်။ ဆားနှင့်ထုံးကျောက်ကို အဓိကအသုံးပြုပြီးထုတ်လုပ်ရာတွင် ပထမဆုံးစားဆိုဒါဟုခေါ်သော ဆိုဒီယမ်ဘိုင်ကာဗွန်နိတ် (Sodium Bicarbonate-$NaOCO_3$) ကိုရသည်။ ဆေးဖော်စပ်ခြင်း၊ မုန့်လုပ်ငန်းတို့တွင် အသုံးပြုသည်။ ၎င်းကိုအပူပေးလိုက်သောအခါ ဆိုဒီယမ်ကာဗွန်နိတ်ခေါ် အဝတ်လျှော်ဆိုဒါကိုရပြီး အဝတ်လျှော်လုပ်ငန်း၊ ဖန်ထည်မှန်ထည်လုပ်ငန်းများတွင် အများအပြားအသုံးပြုကြပါသည်။ ဆားကိုအခြေခံပြီး ဒုတိယအကြီးဆုံးလုပ်သည့်လုပ်ငန်းမှာ ချည်ခင်ဆိုးဆေးလုပ်ငန်း၊ အထည်ဆေးဆိုးပန်းရိုက်ခြင်းလုပ်ငန်းနှင့် ဆပ်ပြာချက်လုပ်ငန်းများတွင် မရှိမဖြစ်သော ကော့စတစ်ဆိုဒါ (Caustic Soda)၊ ဆိုဒီယမ်ဟိုက်ဒြောဆိုဒ် (Sodium Hydroxide- NaOH) ထုတ်လုပ်ခြင်းဖြစ်သည်။ ၎င်းကိုဆားဖျော်ရည်ထဲသို့ လျှပ်စစ်ဖြတ်သန်းစေခြင်းဖြင့်လည်းကောင်း၊ ဆိုဒီယမ်ကာဗွန်နိတ်မှလည်းကောင်း ရရှိနိုင်ပေသည်။ ကော့စတစ်

စာမျက်နှာ ၁၀ သို့ -

**စာမျက်နှာ ၉ မှ -**

ဆိုဒါကို ရေယွန်ပိုးတုထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည်။ ချောမွတ်ပြောင်လက်နေသော မာစရိုက်ချည်မှာ ရိုးရိုးချည်ကို ကော့စတစ်ဆိုဒါပြင်းရည်ထဲတွင်နှစ်ပြီးနောက် ရေဆေးထားခြင်းဖြစ်သည်။

လူတို့ နေ့စဉ်အသုံးပြုသောဆားတွင် သယံဇာတဆားနှင့် ချက်ဆားဟူ၍နှစ်မျိုးရှိပါသည်။ နှစ်စဉ်တစ်ကမ္ဘာလုံးမှထွက်သော ဆားတန်ချိန်ပေါင်း၏ ၆ ပုံလျှင် ၅ ပုံမှာ သယံဇာတဆား (သို့) ကျောက်ဆား (Rock Salt) ဖြစ်သည်။ သယံဇာတဆား (သို့) ကျောက်ဆားကို သတ္တုတူးဖော်သောစက်ကြီးများဖြင့် တူးဖော်ခြင်း၊ ပင်လယ်ဆားငန်ရေကို စက်အား၊ လူအားဖြင့် ချက်လုပ်ခြင်းတို့သည် ကမ္ဘာပေါ်တွင်အရေးပါသောလုပ်ငန်းကြီးများဖြစ်သည်။ မြောက်အမေရိကတိုက်နှင့် ဥရောပတိုက်ရှိ ရုရှား၊ စပိန်၊ ပိုလန်၊ ဩစတြီးယားနိုင်ငံများနှင့်အာရှတိုက်ရှိ အိန္ဒိယနိုင်ငံတို့တွင် ကြီးမားကျယ်ပြန့်သော ဆားကျင်းကြီးများရှိသည်။ ဂျာမနီနိုင်ငံ စတဒ်စဖို့နယ်၊ ဗြိတိန်နိုင်ငံ ချက်ရှိုင်းယာနယ်နှင့် အိုင်ယာလန်နိုင်ငံတို့တွင်လည်း ထင်ရှားသောဆားကျင်းများရှိသည်။ ပိုလန်နိုင်ငံရှိ ဆားကျင်းများမှာ အလျားမိုင် ၅၀၀၊ အနံမိုင် ၂၀ ရှိ၍ ထုပေပေါင်း ၁,၂၀၀ ကျော်ရှိသည်။ ထိုဆားကျင်းများမှ ဆားခွန်ဖြင့် ပိုလန်နိုင်ငံ၊ ကရာကောမြို့တွင် ဝါဗယ်ရဲတိုက်ကြီး (Wavel Castle) ကိုတည်ဆောက်ခဲ့ရာ ပိုလန်ဗိသုကာ လက်ရာပစ္စည်းတစ်ခုအဖြစ် ယခုထက်တိုင်ထင်ရှားပါသည်။ ဤဆားကျင်းများနေရာတွင် လွန်ခဲ့သောနှစ်သန်းပေါင်းများစွာက ပင်လယ်ပြင်ကြီးများရှိခဲ့ဖူးပါသည်။ ထိုဒေသတွင် ရာသီဥတုမှာ အပူပိုင်းရာသီဥတုဖြစ်၍ များစွာပူပြင်းပါသည်။ တစ်ချိန်တွင် ကမ္ဘာကြီးပြင်းထန်စွာ လှုပ်ရှားမှုကြောင့် တောင်များ (သို့) အလားတူ အတားအဆီးများ ကမ္ဘာ့မြေမျက်နှာပေါ်သို့ကြွတက်လာပြီး ပင်လယ်အော်သည် ပင်မပင်လယ်ပြင်နှင့်အဆက်ပြတ်သွားကာ ရေအိုင်ကြီးအဖြစ်ကျန်ရစ်ခဲ့သည်။ ကာလကြာမြင့်သော် ထိုရေအိုင်ကြီးသည် ရေခန်းခြောက်သွေ့သွားပြီး ဆားများသာ ထုထည်နှင့်အလွှာလိုက်ကျန်ရစ်ခဲ့သည်။ ဆားသည် ရေတွင်အလွန်ပျော်လွယ်သော ပစ္စည်းတစ်ခုဖြစ်ခြင်းကြောင့် အထက်ပါနည်းအတိုင်းဖြစ်ပေါ်လာသော ဆားထု၏အပေါ်တွင် ရွှံ့ကဲ့သို့ အခြားသော အလွှာများထပ်နေမှသာ လျှင် ကြာရှည်တည်တံ့၏။ ဆားကျင်းများတွင် ဆားကိုကျောက်မီးသွေးတူးသကဲ့သို့ လိုဏ်ဂူများတစ်လျှောက်မတူးရဘဲ အပိုင်းပိုင်းတစ်ကျင်းပြီး တစ်ကျင်းတူးရသည်။ သတ်မှတ်ထားသောနေရာများတွင် ကြီးမားသောဆားတိုင်များကို ကျင်းမပြိုစေရန်အတွက် ချန်ထားရသည်။ ရံဖန်ရံခါ ဒိုင်းနမိုက်ဖြင့်ဖောက်ခွဲပြီး ဆားတုံးဆားခဲများကို မြေမျက်နှာပြင်ပေါ်သို့သယ်တင်ပြီးနောက် လူတို့စားသုံးနိုင်သော အရွယ်အစားမျိုးဖြစ်အောင် စက်ဖြင့်ကြိတ်ချေရ၏။ ကျောက်ဆားကျင်း၌ အလုပ်လုပ်ရခြင်းသည် ကျောက်မီးသွေးတွင်းများတွင် အလုပ်လုပ်ရခြင်းထက် များစွာသက်သာ၍ အန္တရာယ်ကင်း၏။ အပူချိန်နှင့်စိုထိုင်းမှုများစွာမျှတ၍ ကျောက်မီးသွေးကဲ့သို့ ကျန်းမာရေးကိုထိခိုက်စေသော ဖုန်မှုန့်များမရှိ မီးလောင်စေသော ဓာတ်ငွေ့များလည်းမရှိသောကြောင့် မီးဘေးကင်းဝေး၏။ တဖန်ကျောက်မီးသွေးကဲ့သို့ မအက်ကွဲတတ်ဘဲ စေးတွဲသည့်သဘောရှိသောကြောင့် ဆားကျင်းပြိုကျမည့်အန္တရာယ်နည်းလှသည်။ ကျောက်ဆားကျင်းများမှ တူးဖော်ရရှိသောကျောက်ဆားသည် ၉၅% အထိ သန့်စင်သောကြောင့် အသုံးပြုနိုင်ပါသည်။ ကျောက်ဆားကျင်းမှတူးခြင်းဖြင့်လည်းကောင်း၊ ဆားမြေကိုရေဖျော်ပြီးနောက် နေလှန်း၍လည်းကောင်း၊ ပင်လယ်ရေကိုတစ်ဝက်နေလှန်း၊ တစ်ဝက်ထင်းမီးဖြင့်ချက်၍လည်းကောင်း၊ ပင်လယ်ရေကို နေလှမ်းနည်းသက်သက်ဖြင့်လည်းကောင်း၊ နည်းအမျိုးမျိုးဖြင့်တန်သန်းပေါင်းချီ၍ အများအပြားထုတ်လုပ်နေကြသော်လည်း စားသုံးသောပမာဏမှာ ၅ %မျှသာရှိ၍ ကျန်အများစုကို စက်မှုလုပ်ငန်းများတွင် စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုကြပါသည်။

မြန်မာနိုင်ငံတွင် ပင်လယ်ရေမှချက်လုပ်သည့် နေလှန်းဆားကြမ်းထုတ်လုပ်သည့်လုပ်ငန်းကို ပင်လယ်ကမ်းခြေဒေသများဖြစ်သော ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံးလုပ်ကိုင်ကြပြီး ကုန်းတွင်းဆားချက်လုပ်သည့်လုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းခရိုင်အတွင်းရှိ ရွာလေးများတွင် တစ်ပိုင်တစ်နိုင်ချက်လုပ်ကြသည်။ ၂၀၀၈ ခုနှစ် မတိုင်မီအချိန်များက ဆားဈေးကောင်းခဲ့ပြီး ဆားလုပ်ငန်းနှင့်မိတ်ဖက်လုပ်ရသော လုပ်ငန်းများဖြစ်သည့် သီးနှံဆားစိမ်လုပ်ငန်း၊ ပင်လယ်ထွက်ကုန်များအားဆားနှင့်သာ တာရှည်ခံအောင်ဆောင်ရွက်ခြင်းတို့ရှိသော်လည်း ယခုအခါ အသားငါးအားမပုပ်သိုးအောင် အအေးခန်းစက်ရုံများ အသုံးပြုလာကြသည့်အတွက် ဆားအသုံးပြုမှုအလွန်နည်းလာပြီး ဈေးကောင်းမရရှိတော့ကြောင်း သိရပါသည်။ ထို့အတူ စားသုံးသူများမှလည်း ပြည်ပမှဝင်လာသော ဈေးကြီးဆားများကို ဝယ်သုံးနေကြပြီးကြိတ် စက်များကလည်း ပြည်တွင်းဆားများနှင့် ရောရောင်းနေကြသဖြင့် ဆားတောင်သူများ၏ ဘဝရပ်တည်ရန်ခက်ခဲလာပါသည်။

အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) အတွက် လိုအပ်သောနေလှန်းဆားကြမ်းအား ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဒေးဒလူကျေးရွာအုပ်စုအတွင်းရှိ ရွှေထီးရွာဆားကွင်းနှင့် လပွတ္တာမြို့နယ်၊ သက်န်းကလေးဆားကွင်းများမှ ထုတ်လုပ်လျက်ရှိပါသည်။ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) အနေဖြင့် နှစ်စဉ်ဆားထုတ်လုပ်နိုင်သည့် ဆားကွင်းဧရိယာအပြည့်ဆားထုတ်လုပ်ခဲ့သော်လည်း ၂၀၁၂-၂၀၁၃ ခုနှစ်တွင် နေလှန်းဆားလက်ကျန်များနေသဖြင့် ဆားကွင်းမပြတ်စေရန်ရည်ရွယ်၍ ဧက ၇၀၀ ကိုသာ ရွေးချယ်နေလှန်းဆားထုတ်လုပ်ခဲ့ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ထုတ်လုပ်ခဲ့ခြင်းမရှိပါ။ လက်ရှိနေလှန်းဆားကုန်ကြမ်းလက်ကျန် ခန့်မှန်းတစ်နှစ်ခွဲခန့် သုံးစွဲနိုင်မည်ဖြစ်ပါသည်။ ဆားကိုစက်မှုကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သောစက်ရုံများ ပေါ်ပေါက်လာစေရန် ဆားတောင်သူများမှ မျှော်လင့်နေကြောင်းသိရသည်။ မွန်ပြည်နယ်၊ သထုံမြို့အနီးရှိ စက်မှုဝန်ကြီးဌာနပိုင်မြေ ဧရိယာ ၄၀၀ ဧကပေါ်တွင်တည်ဆောက်မည့် ကော့စတစ်ဆိုဒါစက်ရုံ (Caustic Soda)၊ အရောင်ချွတ်ဆေးမှုန့်စက်ရုံ (Bleaching Powder) နှင့်ရေသန့်စင်ပြုပြင်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းစက်ရုံ (PAC) တို့မှတစ်နှစ်လျှင် ထုတ်လုပ်မည့်ကော့စတစ်ဆိုဒါတန်ချိန် ၄၀,၀၀၀ အတွက် ဆားကြမ်းလိုအပ်ချက်မှာ တစ်နှစ်လျှင် တန်ချိန် ၇၀,၀၀၀ ကျော် ဖြစ်ပါသည်။ မွန်ပြည်နယ်မှတစ်နှစ်လျှင် ဆားကုန်ကြမ်းတန်ချိန် ၄၀,၀၀၀ ကျော်ထွက်ရှိရာ ၎င်းတို့ဒေသသုံးစွဲမှုမှာ တန် ၁၀,၀၀၀ ကျော်သာရှိသဖြင့် ပိုလျှံဆားတန်ချိန်မှ တစ်နှစ်လျှင် ၃၀,၀၀၀ တန်ကို ရောင်းချရန်အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်းသိရသည်။ ဤစက်ရုံကြီးဖြစ်ပေါ်လာပါက စက်ရုံမှ ဆားတောင်သူများ အရှုံးမပေါ်ဘဲ အမြတ်ထွက်စေမည့် ဆားကုန်ကြမ်းကိုဈေးနှုန်းတစ်မျိုးတည်းသတ်မှတ်ကာ ဝယ်ယူအသုံးပြုသွားမည်ဖြစ်သဖြင့် မွန်ပြည်နယ်မှ ဆားတောင်သူများအတွက် ဈေးကွက်ရှိလာပြီး ဘဝရပ်တည်မှုခိုင်မာလာမည်ဖြစ်ပါသည်။ ထို့အပြင်ထပ်မံလိုအပ်မည့် ဆားတန်ချိန် ၄၀,၀၀၀ ကျော်ခန့်ကို ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ဝယ်ယူသယ်ဆောင်ရမည်ဖြစ်သဖြင့် ဆားဈေးကွက်အရှုံးပေါ်နေသော ဆားတောင်သူများကိုကယ်တင်နိုင်မည့်နည်းလမ်းတစ်ခုလည်းဖြစ်ပါသည်။ ဆားကုန်ကြမ်းများ သယ်ယူပို့ဆောင်ရန်အတွက် နေ့စဉ် ၁၀ ဘီး မော်တော်ယာဉ် ကားအစီးရေ ၅၀ မှ ၁၀၀ ကြားနှင့် ရေယာဉ်များကိုပါ သုံးစွဲရမည်ဖြစ်သဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်လာမည်ဖြစ်ပါသည်။ အထူးသဖြင့် ယင်းစီမံကိန်းတွင် အဓိကကုန်ကြမ်းဖြစ်သော ပြည်တွင်းထွက်ဆားနှင့်ထုံးကျောက်တို့ကို များစွာအသုံးပြုရမည်ဖြစ်သဖြင့် စီမံကိန်းနယ်မြေဖြစ်လာပါက ထိုဒေသ၏လမ်းပန်းဆက်သွယ်ရေး၊ လူမှု ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ရေ၊ မီးတို့ပါ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စက်ရုံတွင် တိုက်ရိုက်လုပ်သားများအပြင် သွယ်ဝိုက်လုပ်သားများဖြစ်ကြသော ဆားတောင်သူများ၊ ထုံးကျောက်လုပ်သားများ၊ သယ်ယူပို့ဆောင်ရေးလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများစသည်ဖြင့် အလုပ်အကိုင်များစွာ ရရှိလာကြမည်ဖြစ်ပါသည်။

ကော့စတစ်ဆိုဒါစက်ရုံသည် ဂျပန်နိုင်ငံတွင် အသုံးပြုနေသောနောက်ဆုံးပေါ်နည်းစနစ်ဖြစ်သည့် Ion Exchange Membrane Process နည်းစဉ်ကို အသုံးပြုထုတ်လုပ်မည့်စက်ရုံဖြစ်သဖြင့် ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြစ်ပြီး ရေဆိုးစွန့်ပစ်ရာတွင်လည်း နိုင်ငံတကာတွင်ကျင့်သုံးနေသော ရေဆိုးသန့်စင်ရေးနည်းစနစ်များဖြင့် အဆင့်ဆင့်သန့်စင်၍ပတ်ဝန်းကျင်ရေထုလေထု ထိခိုက်ညစ်ညမ်းမှုအနည်းဆုံးဖြစ်စေရန် စံချိန်စံညွှန်းနှင့်အညီ စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် ကော့စတစ်ဆိုဒါစက်ရုံ တည်ဆောက်လည်ပတ်မှုသည် ယင်းနယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှု၊ အခြေခံကျသောရေ၊ လျှပ်စစ်မီးရရှိလာနိုင်မှုနှင့် ဒေသခံပညာတတ်ပြည်သူများသာမက အတန်းပညာနည်းပါးသူများအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပြုလုပ်ပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

Ref : Daily Newspapers
Salt (Daw Khin Kyi Kyi), Literature Palace




မောင်မောင်ဆွေ (ကစစ-၁၃)

သလဲပင်သည် ချုံပင်မျိုးဖြစ်ပြီး ဆူးကလေးများပါရှိသည်။ အမြင့်ပေ ၅ ပေမှ ၁၂ ပေ၊ ၁၅ ပေအထိ မြင့်တက်တတ်သည်ကိုတွေ့ရသည်။ အရွက်သွယ်သွယ်နှင့်အရွက်၏အကျယ် လက်မဝက်ခန့်ရှိပြီး အလျားမှာ နှစ်လက်မကျော်၊ သုံးလက်မခန့်ရှိသည်။ အပွင့်မှာ လိမ္မော်ရောင် (သို့) အနီရောင်ရှိသည်။ အသီးမှာလိမ္မော်သီးလောက်ရှိပြီး၊ အချို့မှာ လိမ္မော်သီးထက်ထွားသည်ကို တွေ့ရသည်။

အသီးအတွင်းအခွံပေါ်တွင် မှုန်ဝါးဝါးနှင့်အမြှောင်းအမြှောင်းတွေ တွေ့ရတတ်သည်။ အသီးမှည့်သည့်အချိန်တွင် အသီးသည် အဝါ၊ အနီ၊ ရွှေဖလားရောင်စသည်ဖြင့် တွေ့ရတတ်ပါသည်။

သလဲပင်ကို ရုက္ခဗေဒအမည်အားဖြင့် Punica Granatum Linn ဟုခေါ်၍ Funicaceae မျိုးရင်းဖြစ်ပါသည်။ သလဲပင်သည် ပါရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံမြောက်ပိုင်းတို့၌ စတင်ပေါက်ရောက်ပြီး ထိုမှတစ်ဆင့် တရုတ်၊ ဂရိ၊ အာဖရိကတိုက်မြောက်ပိုင်း၊ စပိန်၊ ပေါ်တူဂီနိုင်ငံများသို့ ပျံ့နှံ့ခဲ့ခြင်းဖြစ်သည်ဟု လေ့လာသိရှိရသည်။ ယခုအခါ သလဲပင်ကိုအမေရိကန်ပြည်ထောင်စုတွင်ပင် စိုက်ပျိုးလာသည်ကိုတွေ့ရသည်။

ကမ္ဘာပေါ်ရှိ လူမျိုးပေါင်းစုံတို့က သလဲသီးကို ဖွံ့ဖြိုးတိုးတက်ခြင်း၊ လက်ထပ်ခြင်း၊ ကျက်သရေရှိခြင်း၊ ဘဝအောင်မြင်ခြင်း၊ သားသမီးရတနာထွန်းကားစေခြင်းစသည့်နိမိတ်ပုံများအဖြစ် အထွတ်အမြတ်ထားပြီး တစ်ဦးနှင့်တစ်ဦးလက်ဆောင်ပေးလေ့ရှိသည်။

သလဲပင်တွင် အသီးမသီးသောအပွင့်လောက်သာပွင့်သည့် အဖိုပင်နှင့်အပွင့်ပွင့် အသီးသီးသော အမပင်ဟူ၍ နှစ်မျိုးတွေ့ရသည်။ အချိုသီးပင်၊ အချဉ်သီးပင်၊ ချိုချဉ်သီးပင်၊ တောင်သလဲပင်ဟူ၍ သလဲပင်လေးမျိုးခွဲခြားသိရှိရသည်။

သလဲသီးကိုခွဲကြည့်ပါက အတွင်းတွင်အမှေးပါးလေးများဖြင့် အကန့်လိုက်အကန့်လိုက်တွေ့ရသည်။ ထိုအကန့်များအတွင်း၌ အနားများရှိပြီး ရှည်လျားသည့်ပြောင်းဖူးစေ့သဏ္ဌာန်အစေ့များကို တွေ့ရသည်။ သလဲသီးကိုစားရာ၌ အခြားသီးများကဲ့သို့ အနှစ်အသားကိုစားရခြင်းမဟုတ်ဘဲ အနီရောင်အသားဖုံးနေသည့်အစေ့လေးများကိုသာ စားရသည်ကိုတော့ လူတိုင်းသိကြပါလိမ့်မည်။

ဆေးအာနိသင်အနေဖြင့် သလဲသီးသည် ပါးစပ်ရောဂါနှင့်ချောင်းဆိုးဝေဒနာကို သက်သာပျောက်ကင်းစေသည်။ အားကိုဖြစ်စေသည်။ သုတ်ကိုပွားစေသည်။ အပူသောကကြောင့် စားမဝင်အိပ်မပျော် မောပန်းသောရောဂါတို့ကို အကျိုးပြု၏။ ဖျားနာရောဂါ၊ နှလုံးရောဂါ၊ ချောင်းဆိုးရောဂါ၊ ရေငတ်နာ၊ ကိုယ်ရေပူခြင်းတို့ကိုနိုင်၏။ ဦးနှောက်ကိုကြည်လင်စေသည်။ အနည်းငယ်ဖန်၍ ဝမ်းချုပ်စေသည်။ ခွန်အားကိုဖြစ်စေသောကြောင့် သလဲသီးကိုဖျော်ရည်လုပ်၍ နေ့စဉ်သောက်သုံးပါက ကျန်းမာခြင်းနှင့်ပြည့်စုံပြီး အသက်ရှည်စေပါသည်။

အစ္စရေးသုတေသီတို့၏ လေ့လာချက်အရ သလဲသီးနေ့စဉ်စားသုံးခြင်းဖြင့်လည်းကောင်း၊ ဖျော်ရည်လုပ်၍ သောက်သုံးဖြင်းဖြင့်လည်းကောင်း၊ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားနှုန်း သိသိသာသာလျော့နည်းကြောင်း တွေ့ရှိခဲ့ကြပါသည်။ ထို့အပြင် သလဲသီးသည် ဆီးကျိတ်ကင်ဆာကိုလည်း ဟန့်တားနိုင်သည်။ ဤသည်မှာ သလဲသီးတွင်ပါဝင်သော အာဟာရဓာတ်က ဆီးကျိတ်ကင်ဆာဖြစ်စေနိုင်သော PSA ဓာတ်အဆင့်ကို ချေဖျက်နိုင်စွမ်းရှိသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် သလဲသီးဖျော်ရည်ကို ဆီးကျိတ်ကင်ဆာဖြစ်နေသူများ သောက်သုံးရန်သင့်သည်။

သလဲသီးချိုချဉ်သီးကတော့ သည်းခြေကိုအားပေးပါသည်။ ဝမ်းမီးတောက်စေ၏။ နှုတ်မြိန်စေ၏။ အစာကျေညက်လွယ်၏။ သွေးလည်ပတ်မှုကောင်း၍ ခန္ဓာကိုယ်ပေါ့ပါးလန်းဆန်းစေနိုင်သော စွမ်းရည်ရှိပါသည်။ သလိပ်ဒေါသကိုနိုင်စေပြီး မီးယပ်ရောဂါ၊ ဝမ်းသက်ဝမ်းနာ၊ သွေးဝမ်းသွားရောဂါများအတွက် သင့်၏။ အစာမကြေခြင်းနှင့် လေထိုးလေအောင့်ကို သက်သာစေ၏။ ခံတွင်းရောင်ခြင်း၊ အာသီးရောင်ခြင်းတို့ကို သက်သာပျောက်ကင်းစေ၏။

သလဲသီးအခွံသည် ပိုးရောဂါကိုနိုင်၏။ သွေးဝမ်း၊ မြင်းသရိုက်ရောဂါနှင့် ချောင်းဆိုးရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင်သည်။ သလဲစေ့သည် လေပြွန်ချောင်းနှင့် အကြောများပူလောင်ခြင်းတို့၌ အသုံးဝင်သည်။ ပိုးမွှားများကိုနိုင်၏။ သလဲသီးအစိမ်းသည် ဝဖြိုးစေသည်။ အစာကြေညက်စေ၏။

သလဲသီးတွင် ထူးခြားသောအာနိသင်ရှိနေရခြင်းမှာ ကင်ဆာနှင့် နှလုံးတွင်ဖြစ်တတ်သောရောဂါများကို ကာကွယ်ပေးနိုင်သော CATECHINS ဓာတ်၊ ခန္ဓာကိုယ်အတွင်းရှိ ရောဂါမျိုးစုံကိုကာကွယ်တားဆီးနိုင်သည့် EUAGTE အက်ဆစ်၊ MANAGANESE ဓာတ်သတ္တုများပါဝင်နေသောကြောင့်ဖြစ်သည်။

သလဲရွက်သည် အနာစိမ်း၊ အနာစက်ပေါက်သူများ သလဲရွက်ပြာချ၍အုန်းဆီနှင့်ဖျော်ကာ အနာကိုလိမ်းပေးပါက သက်သာပျောက်ကင်းစေပါသည်။ မြွေမှအပ ကင်း၊ ပဆုပ်ပနီအစရှိသော အဆိပ်ရှိသတ္တဝါများ အကိုက်ခံရပါက သလဲရွက်ကိုကြိတ်၍ ပွတ်နယ်လိမ်းကျံပေးလျှင် အဆိပ်ပြေစေနိုင်သော သတ္တိရှိသည်ကိုတွေ့ရပါသည်။

နားအူ၊ နားလေးတတ်သူများ သလဲရွက်အစိမ်းသတ္တုရည် ၆၀ ကျပ်သား၊ ဥသျှစ်ရွက်အစိမ်းသတ္တုရည် ၆၀ ကျပ်သား၊ နွားထောပတ် ၆၀ ကျပ်သားတို့ကို ရော၍ မီးမျှဉ်းမျှဉ်းသုံး၍ချက်ပါ။ ထို့နောက် အခြားဆေးများခမ်းပြီး ထောပတ်ချည်းကျန်လျှင်ချပြီး အအေးခံပါ။ ထိုထောပတ် ၅ ကျပ်သားနှင့် နွားနို့ ၂၅ ကျပ်သား၊ သကြားအနည်းငယ် ထည့်သောက်လျှင် သက်သာပျောက်ကင်းစေပါသည်။

ထိခိုက်ဒဏ်ရာရ၍ သွေးထွက်သူများတွင်ဒဏ်ရာအား သလဲရွက်သတ္တုရည်ဖြင့် လိမ်းကျံပေးလျှင် သက်သာပျောက်ကင်းစေပါသည်။ ချောင်းဆိုးသူများ သလဲသီးခွံအစို ၈ ပဲသား (သို့) သလဲသီးအခွံအခြောက် ၄ ပဲသားကို ခံတွင်း၌ငုံ၍ အရည်ကိုမျိုချပါက သက်သာပျောက်ကင်း စေပါသည်။

အလွန်ပူ၍ နှာခေါင်းသွေးယိုပါက သလဲရွက်သတ္တုရည်ကို နှာခေါင်းထဲသို့ သွပ်၍ ဦးခေါင်းကိုလည်း လိမ်းကျံပေးလျှင်ရပ်တန့်စေပါသည်။ မြင်းသရိုက်ရောဂါအတွက် သလဲမြစ်ခေါက် ၃ ကျပ်သားကို ရေ ၅၀ ကျပ်သားနှင့်ထက်ဝက်ခန့် ခမ်းအောင်ကျို၍ တစ်ခါသောက် ၁ ကျပ် ၈ ပဲသားခန့် ချင်းခြောက်မှုန့် အနည်းငယ်ထည့်ပြီး တစ်နေ့နှစ်ကြိမ်သောက်လျှင် သက်သာပျောက်ကင်းစေပါသည်။

သူငယ်နာ ရုပ်ခြောက်ရောဂါအတွက် သလဲမြစ်ခေါက်အစို ၃ ကျပ် ၈ ပဲသားကို ရေ ၅၀ ကျပ်သားထည့်ကာ ထက်ဝက်ခမ်းအောင်ချက်၍ တစ်နှစ်သားကလေးတစ်ခါသောက် ဆေးတစ်ခွက်စာလျှင် ၁ ကျပ်သားခန့် တစ်နေ့ ၃ ကြိမ်တိုက်လျှင် သက်သာပျောက်ကင်းနိုင်သည်။ ကလေးများသာမက ထိုဆေးနည်းအတိုင်း လူကြီးအားကုန်ခမ်းခြင်း၊ နာတာရှည်ဖျားခြင်းနှင့် အသည်းရောင်ခြင်းတို့အတွက်လည်း တစ်နေ့ ၂ ကြိမ်သောက်ပါက သက်သာပျောက်ကင်းစေပါသည်။

ကလေးငယ်များ အပူချောင်းဆိုးက သလဲခေါက်ကိုသွေး၍ အနည်းငယ်တိုက်လျှင် (သို့) သလဲသီးမှည့်သတ္တုရည်ကို ထောပတ်၊ ဖာလာအနည်းငယ်နှင့်ရောစပ်တိုက်လျှင် သက်သာပျောက်ကင်းစေပါသည်။ သလဲမြစ်ခေါက်ပြုတ်ရည်ကို တစ်ခါသောက် ဟင်းစားဇွန်း ၁ ဇွန်း၊ တစ်နေ့ ၃ ကြိမ်သောက်ပြီး နောက်နေ့နံနက်တွင် ဝမ်းနှုတ်ပေးလျှင် တုတ် (သံကောင်) များကျစေနိုင်ပါသည်။

နောက်တစ်နည်းမှာ သလဲမြစ် ၂ ကျပ်သား၊ သလဲခေါက် ၂ ကျပ်သားတို့ကို ရေ ၃၀ ကျပ်သားထည့်ပြီး ၁၅ ကျပ်သား သာကျန်အောင် ကျိုချက်သောက်နိုင်သည် (သို့) ၎င်းကျိုထားသောဆေးရည်ကို နှမ်းဆီစစ်စစ်အနည်းငယ်ဖြင့် ၃ ရက်ဆက်၍သောက်ပါက သံကောင်၊ တုတ်ကောင်များကျဆင်းလာသည်ကို တွေ့ရပါသည်။ ကလေးငယ်များအတွက် ရှေးမြန်မာသမားတော်များ၏ အကောင်းဆုံးသံချနည်းပင်ဖြစ်သည်။

သလဲသီးကို မြန်မာအစားအစာနှင့် အာဟာရရှုထောင့်မှကြည့်လျှင် သလဲသီး

စာမျက်နှာ ၁၃ သို့ -

# လမ်းပြကြယ် ပုံပြင်လေးများ (၂)

မြမိုး (ပါရဂူ)

ဩော် ဥတုသုံးရာသီစက်ဝန်း ပြောင်းရွှေ့လည်ပတ်လာသည်နှင့်အမျှ မေ့မရနိုင်တဲ့ နေ့လေးတစ်နေ့ (၇. ၈. ၂၀၁၁) ဆိုတဲ့နေ့ကို သမီးအရမ်းမုန်းပေမဲ့ ငြင်းပယ်လို့မရခဲ့ပါဘူး အဖေ။ အဲဒီနေ့က ‘အဖေ’ မိသားစုကိုအပြီးအပိုင် နှုတ်ဆက်ထွက်သွားခဲ့တာ ခုဆိုဘာလိုလိုနဲ့ (၃) နှစ်ပြည့်တော့မယ်နော်။ သမီးရင်ထဲမှာ မနေ့တစ်နေ့ကလိုပဲ ခံစားနေရတယ် ‘အဖေ’။ အဖေမရှိတော့တဲ့နောက်ပိုင်း ငယ်စဉ်ကညအိပ်ရာဝင်တိုင်း အဖေပြောပြခဲ့တဲ့ ပုံပြင်လေးတွေကို အဖေ့ကိုအောက်မေ့သတိရစွာနဲ့ စာအဖြစ်ရေးသားခွင့်ရခဲ့လို့လည်း ဝမ်းသာပီတိဖြစ်မိပါတယ်။ အဖေပြောပြခဲ့တဲ့ ပုံပြင်လေးတွေက သမီးဘဝအတွက် စစ်မှန်တဲ့အလင်းရောင်လေးတွေပေးပြီး ဘဝရဲ့လမ်းမှန်ရောက်အောင် ညွှန်ပြပေးနေတဲ့ လမ်းပြကြယ်ပုံပြင်လေးတွေပါ အဖေ။ ဒီပုံပြင်လေးတွေရဲ့ အလင်းရောင်ကို လူသားအားလုံးခံစားနိုင်ကြဖို့ အဖေ့ကိုသတိရလွမ်းဆွတ်စွာနဲ့ ပြန်ပြောပြလိုက်မယ်နော်အဖေ။

ပထမဆုံးအနေနဲ့ သမီးပြန်ပြောပြပေးချင်တဲ့ ပုံပြင်လေးကတော့ ‘ဘဝမေ့တဲ့ကျားမိုက်’ ဆိုတဲ့ ပုံပြင်လေးပါ။ ဟိုရှေးရှေးတုန်းက ရသေ့တစ်ပါးဟာ တောအုပ်ထဲမှာတရားကျင့်ကြံအားထုတ်ပြီး နေလာခဲ့တာ စေတလုံးပိုင်တဲ့တန်ခိုးရှင်ဖြစ်လာသတဲ့။ တစ်နေ့မှာ ရသေ့ကြီးရဲ့ရှေ့မှောက်မှာ ကြွက်ပိန်လေးတစ်ကောင် ဖြတ်လျှောက်သွားတာကိုမြင်တော့ ရသေ့ကြီးကဖမ်းယူပြီး ကျွေးမွေးစောင့်ရှောက်ထားရာ တဖြည်းဖြည်းဝဖြိုးလာသတဲ့။ တစ်နေ့မှာ ကြောင်တစ်ကောင်ကကြွက်ဝလေးကိုမြင်တော့ သူ့ရဲ့အစာရပြီဆိုပြီး နောက်ကနေ အပြေးလိုက်ရာမှာ ကြွက်ကလေးလည်းကြောက်လန့်ပြီး သခင်ရသေ့ကြီးရဲ့ရင်ခွင်ထဲကို တစ်ဟုန်ထိုးပြေးဝင်သွားသတဲ့။ ရသေ့ကြီးလည်း အခြေအနေကိုရိပ်မိပြီး သူ့ရဲ့ကြွက်ကလေး ကြောင်ရဲ့ရန်ကလွတ်ဖို့ ကြွက်ဘဝမှ ကြောင်ဘဝပြောင်းစေဆိုပြီး ဂါထာမန်းမှုတ်လိုက်ရာ ကြောင်တစ်ကောင်ဖြစ်သွားသတဲ့။ ကြောင်ဘဝရောက်တော့လည်း ခွေးနဲ့တွေ့တော့ ခွေးရဲ့ရန်ကိုစိုးရိမ်ရသေးတာကိုသိပြီး ကြောင်ဘဝမှခွေးဘဝရောက်စေဆိုပြီး မန်းမှုတ်လိုက်လို့ ခွေးတစ်ကောင်ဖြစ်သွားသတဲ့။ အဲဒီခွေးလေးဟာ တောအုပ်ထဲကိုလျှောက်လည်နေတုန်း ကျားတစ်ကောင်နဲ့တွေ့ပြီး ရသေ့ကြီးထံပြန်ပြေးလာတော့ ရသေ့ကြီးလည်း ငါ့ရဲ့ခွေးလေးကျားရန်မှ လွတ်အောင်ဆိုပြီး



ခွေးဘဝမှကျားဘဝကို ပြောင်းပေးလိုက်တာ တကယ့်တောကျားကြီးတစ်ကောင်လိုဖြစ်လာသတဲ့။ ကျားဆိုတာ တောအုပ်ကိုပိုင်စိုးတဲ့သခင်ဆိုတဲ့ စိတ်ဝင်လာပြီး ဘဝအစစ်အမှန်ကိုမေ့ကာ ကျားကြီးတစ်ကောင်လိုမာန်ဖီလာတယ်။ ဟိန်းဟောက်လာတယ်။ တွေ့သမျှတောကောင်တွေကို ညှဉ်းပန်းနှိပ်စက် ဖမ်းဆီးသတ်ဖြတ်စားနေလေတော့တာပေါ့။ ဒီကျားရဲ့အန္တရာယ်က တစ်နေ့တခြားကြီးမားလာလို့ တောကောင်တွေမှာ ကျားဆိုးရဲ့အန္တရာယ်ကကင်းလွတ်တဲ့နေရာကို ပြေးရှောင်ကုန်ကြသတဲ့။ အဲဒါကိုသိတဲ့ ဆရာရသေ့ကြီးက တပည့်ကျားကြီးကိုခေါ်ပြီး ကရုဏာဒေါသောနဲ့ကြိမ်းမောင်း သတိပေးတာကို အထင်လွဲပြီး

‘ငါ့ကိုတမင်သက်သက် ချိုးနှိမ်တာပဲ။ ကျားဖြစ်လို့ တောကောင်တွေကိုစားတာ အပြစ်လား။ အခုအချိန်မှာ ငါဟာကျားမှကျားပဲ။ ကျားအစစ်မဟုတ်ဘူးဆိုတာကို ရသေ့ကလွဲရင် ဘယ်သူမှ



မသိကြဘူး။ သူမရှိမှ ငါ့မင်းငါ့ချင်းလုပ်လို့ရမယ်။ အဲဒီတော့ ဒီရသေ့ရှုပ်ကြီးကို အပြတ်ရှင်းပစ်ရမယ်’

ဆိုပြီး ယုတ်မာကောက်ကျစ်တဲ့အတွေးမိုက်နဲ့ ရသေ့ကြီးအိပ်ပျော်နေချိန်မှာချဉ်းကပ်လာသတဲ့။ ဆရာရသေ့ကလည်း ကျားယုတ်ရဲ့အကြံဆိုးကို သိထားပြီးဖြစ်လို့ မိမိဆီဦးတည်လာနေသောကျားကို လက်ညှိုးထိုးကာ‘

‘ဟဲ့ ကြွက်စုတ်၊ နင့်ရဲ့အကြံယုတ်မာလှချည်လား။ ကျေးဇူးမသိ မေတ္တာစေတနာကိုနားမလည်တဲ့ အယုတ်တမာကြွက်စုတ်၊ ငါ့အရိပ်နဲ့နင်နဲ့မထိုက်တန်ဘူး။ အခုချက်ချင်း ထွက်သွား’

လို့ပြောလိုက်ရာ ကျားဘဝကနေ ကြွက်ပိန်လေးဘဝကို ချက်ချင်းရောက်သွားပြီး တောအုပ်ထဲကိုထွက်ပြေးသွားတော့ မကြာခင်မှာပဲ ကြောင်ရဲ့အစာအဖြစ်နဲ့ ဘဝဇာတ်သိမ်းရတယ်တဲ့လေ။ ဒီပုံပြင်လေးကတော့ ဘဝဆိုတာ မမေ့ကောင်းတဲ့အရာဆိုတာကို မီးမောင်းထိုးပြသလိုက်တာပါပဲ။ တကယ်တော့ မြင့်တဲ့နေရာဆိုတာလည်း နိမ့်တဲ့နေရာကိုဖြတ်ကျော်ပြီးမှ ရောက်ကြရတာပါ။ မိမိအမြင့်ဘဝကိုရောက်တဲ့အချိန်မှာ မိမိထက်နိမ့်ကျသူတွေအပေါ်ကို ကိုယ်ချင်းစာ သနားတတ်ရမယ်ဆိုတာကို အတုယူပြီး ကျွန်မတို့တစ်တွေ ဘယ်လိုဘဝမျိုးတွေကိုပဲ ပိုင်ဆိုင်ထားကြပါစေ။ အချင်းချင်းရိုသေလေးစားခြင်းတွေနဲ့အတူ အေးအတူပူအမျှ အတူတကွလက်တွဲပြီး အောင်မြင်မှုကိုရယူကြဖို့ ညွှန်ပြထားတာကို ကျွန်မတို့တစ်တွေ နားလည်သဘောပေါက်ဖို့အရေးကြီးပါတယ်။

**‘အဖေ’**

ဒုတိယတစ်ပုဒ်အနေနဲ့ ‘ဆရာ့ပြစ်မှားဘေးရန်များ’ ဆိုတဲ့ပုံပြင်လေးကို ပြောပြလိုက်မယ်နော်။ တစ်ခါတုန်းက လုလင်ပျိုတစ်ယောက်ဟာ လမ်းလျှောက်လာခဲ့ရာ လမ်းပေါ်မှာခွေလဲနေပြီး ရေ. . . ရေ. . . ရေလို့ မြည်တမ်းနေတဲ့ သူတောင်းစား အဘိုးအိုကြီးတစ်ယောက်ကိုတွေ့တော့ သနားကရုဏာစိတ်နဲ့ ပါလာတဲ့ရေကို တိုက်လိုက်တာ အဘိုးအိုကြီးလည်း ကြည်လင်လန်းဆန်းလာသတဲ့။ လုလင်ပျိုလေးက အဘိုးအိုရဲ့နေရပ်ဖြစ်တဲ့ ရွာသုဿန်ကုန်းက ဇရပ်ပျက်ကြီးထိလိုက်ပို့ပေးသတဲ့။ အဘိုးအိုလည်း လုလင်ပျိုလေးရဲ့ ကျေးဇူးကိုဆပ်ချင်လို့ သရက်စေ့တစ်စေ့ကိုယူပြီး ဂါထာမန်းမှုတ်ကာ မြေကြီးထဲကို စိုက်လိုက်တော့ သရက်ပင်လေးချက်ချင်းပေါက်လာသတဲ့။ နောက်ထပ်ဂါထာတစ်မျိုးရွတ်လိုက်တော့ သရက်ပင်လေးမှာ အဖူးအပွင့်တွေ ဝေဆာလာသတဲ့။ နောက်ဆုံးအကြိမ် ဂါထာမန်းအပြီးမှာတော့ ထူးကဲတဲ့အရသာရှိတဲ့ သရက်သီးမှည့်တွေသီးလာသတဲ့။ အဘိုးအိုလည်း သရက်သီးမှည့်တွေကို လုလင်ပျိုလေးကို ကျွေးပြီး စားလို့ဝပြီဆိုတာနဲ့ အပင်ကိုဖျောက်ဖျက်ပြစ်သတဲ့။ လုလင်ပျိုလေးလည်း အဘိုးအိုရဲ့အစွမ်းထက်လှတဲ့ ဂမ္ဘီရအတတ်ပညာကိုသင်ပေးဖို့ တောင်းဆိုလိုက်ရာ အဘိုးအိုကအသေအချာသင်ပေးလို့ အချိန်တိုအတွင်းမှာတတ်မြောက်သွားပြီး လုလင်ပျိုလေးက-

‘အဘိုးရဲ့ကျေးဇူးကို ကျွန်တော်တစ်သက်မမေ့ပါဘူး’

လို့ပြောပြီး ကန်တော့ကာနှုတ်ဆက်ထွက်ခွာသွားခဲ့သတဲ့။ လမ်းတလျှောက်မှာ အဲဒီပညာနဲ့အစွမ်းပြခဲ့ရာ မြင်ရသူတိုင်းက သဘောကျနှစ်ခြိုက်ပြီး ချီးမွမ်းဂုဏ်ပြုကြလို့ ဘုရင်မင်းတရားကြီးရဲ့ရွှေနားတော်ဆီရောက်သွားသတဲ့။ အဲဒီသတင်းကိုကြားတော့ ဘုရင်မင်းကြီးက လုလင်ပျိုလေးကို နန်းတော်ထဲခေါ်ပြီး အစွမ်းပြခိုင်းခဲ့ရာ အရသာထူးကဲတဲ့ သရက်သီးကိုစားသုံးပြီး



အလွန်မတန်သဘောကျလို့ ဆုလာဘ်တော်များ ချီးမြှင့်ရုံသာမက အမတ်မင်းရာထူးပေးပြီး အနားမှာခေါ်ထားသတဲ့။ တစ်နေ့ဘုရင်မင်းကြီးက ဒီလိုအစွမ်းထက်လှတဲ့ ဂမ္ဘီရပညာကို ဘယ်လိုဆရာမျိုးနဲ့ သင်ယူခဲ့သလဲဆိုတာသိချင်လို့ မေးလိုက်တော့ လုလင်ပျိုလေးက သူတောင်းစားအဖိုးကြီးထံမှ သင်ယူတတ်မြောက်ထားတာပါလို့ပြောလိုက်ရင် သူ့ရဲ့ဂုဏ်သိက္ခာညှိုးနွမ်းသွားမည်ကိုစိုးရိမ်ပြီး-

‘ကျွန်တော်မျိုးမှာ သင်ယူခဲ့တဲ့ဆရာမရှိပါ။ မွေးကတည်းက တတ်ကျွမ်းလာခဲ့တဲ့ ပါရမီပါလို့’

ဟုပြန်ဖြေလိုက်သတဲ့။ အဲဒီ့နောက် ဘုရင်ကြီးလည်း လုလင်ပျိုလေးရဲ့သရက်သီးကို စားချင်စိတ်ပြင်းပြလာလို့ ထပ်မံအစွမ်းပြခိုင်းတဲ့အခါ ဂါထာတွေအကြိမ်ကြိမ်ရွတ်ပေမဲ့ သရက်စေ့လေးက အပင်ပေါက်မလာတော့တဲ့အတွက် ဘုရင်မင်းကြီးလည်း အမျက်ဒေါသထွက်ကာ လုလင်ပျိုလေးကို အပြစ်ဒဏ်ပေးလိုက်သတဲ့။ ဒီပုံပြင်လေးကပေးလိုက်တဲ့ သင်ခန်းစာလေး

**စာမျက်နှာ ၁၃ သို့ -**

စာမျက်နှာ ၁၂ မှ -

ကတော့ ဆရာသမားဆိုတာ သူတောင်းစားပင်ဖြစ်ပါစေ ကျေးဇူးမကန်းထိုက်သော ပုဂ္ဂိုလ်များဖြစ်တယ်ဆိုတာကို နားလည်သဘောပေါက်ပြီး ကျွန်မတို့တစ်တွေ အလုပ်ထဲမှာဖြစ်စေ၊ ပြင်ပမှာဖြစ်စေ ကျွန်မတို့ရဲ့သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေရဲ့ ကျေးဇူးတရားတွေကို အောက်မေ့သတိရပြီး ကျေးဇူးသိတတ်တဲ့ တပည့်အလိမ္မာလေးတွေဖြစ်အောင် ကြိုးစားနေထိုင်တတ်ဖို့ အရေးကြီးတယ်ဆိုတာ ပြသလိုက်တာပါပဲ။

**‘အဖေ’**



နောက်ဆုံးပြောပြချင်တဲ့ ပုံပြင်လေးကတော့ ‘ပညာရှိမင်းသမီးလေးနဲ့ ဉာဏ်ရည်ရှင်မင်းသားလေး’ တဲ့။ တစ်ခါတုန်းက နိုင်ငံတစ်နိုင်ငံမှာ အလွန်ချောမောလှပတဲ့ မင်းသမီးလေးတစ်ပါး အုပ်ချုပ်နေသတဲ့။ မင်းသမီးလေးရဲ့အလှ ဂုဏ်သတင်းဟာ တခြား နိုင်ငံတွေကိုတုန်လှုပ်သွားစေတာကြောင့် အခြားနိုင်ငံတွေက ဘုရင်တွေ၊ မင်းသားတွေက မင်းသမီးလေးနဲ့ပေါင်းဖက်ပြီး နှစ်ကိုယ်ရည်ပျော်ရွှင် ကြည်နူးနိုင်ဖို့ ကမ်းလှမ်းကြသတဲ့။ ပညာရှိမင်းသမီးလေးကလည်း အဲဒီလိုကမ်းလှမ်းလာတဲ့ သူတွေကို အချင်းချင်းခိုက်ရန်မဖြစ်စေဖို့ အားလုံးကိုဖိတ်ခေါ်ပြီး ပညာသားပါစွာနဲ့ ဘဝလက်တွဲဖော်ရွေးပွဲကို ပြုလုပ်လိုက်သတဲ့။ အဲဒီပွဲကိုတက်ရောက်လာတဲ့အထဲမှာ ဘုရင်မင်းမြတ်တွေ၊ အိမ်ရှေ့စံတွေ စသည်ဖြင့် အရွယ်စုံ၊ ဆိုက်အစုံပါဝင်သတဲ့။ မင်းသမီးလေးက အလွန်မတန်လှပတဲ့ ပန်းဥယျာဉ်ကြီးတစ်ခုကို ပန်းအတုများနဲ့ဖန်ဆင်းထားပြီး အတုတွေထဲမှာ ပန်းအစစ်တစ်ပင်တည်းသာ ထည့်သွင်းထားသတဲ့။ အတုနဲ့အစစ်ကိုလည်း ဘယ်လိုမှခွဲခြားမရအောင် ပြုလုပ်ထားသတဲ့။ လာရောက်ယှဉ်ပြိုင်သူတွေထဲကမှ ပန်းဥယျာဉ်ထဲက ပန်းအစစ်ကိုရှာဖွေနိုင်တဲ့သူကို ဘဝကြင်ဖော်အဖြစ်ရွေးချယ်မယ်လို့ ကြေငြာလိုက်သတဲ့။ အဲဒီလို ပန်းအစစ်ကိုရှာဖွေရာမှာလည်း ဥယျာဉ်ထဲကို ဆင်းမရှာရဘူးလို့ စည်းမျဉ်းထုတ်ထားတော့ ယှဉ်ပြိုင်သူတွေအနေနဲ့ စဉ်းစားစရာနည်းလမ်းရှာမရဘဲ တချို့က မပြိုင်ခင်က နောက်ဆုတ်သွားပြီး တချို့ကတော့ မစဉ်းစားဘဲအမှန်းနဲ့ပြောကြရာ ပန်းအစစ်အမှန်ကိုမရခဲ့ကြပါဘူး။ ဒီလိုနဲ့ နောက်ဆုံး မင်းသမီးနဲ့ အသက်အရွယ်ချင်းညီမျှတဲ့ မင်းသားလေးရဲ့အလှည့် ရောက်လာတာပေါ့။ အခြားသူတွေကလည်း မင်းသားလေး ဘယ်လိုနည်းနဲ့ရွေးမလဲဆိုတာ စိတ်ဝင်စားနေကြသတဲ့။ အဲဒီအချိန်မှာ မင်းသားလေးဟာ အသင့်ရှာဖွေထားတဲ့ ပျားကောင်တွေကို ပန်းဥယျာဉ်ကြီးထဲကို လွှတ်လိုက်ပြီး လှေကားတစ်ခုရှာကာ နံရံကိုထောင် အမြင့်ကနေပြီး ပျားကောင်တွေရဲ့သွားရာလမ်းကို လိုက်ကြည့်သတဲ့။ ပျားကောင်တွေကလည်း ပန်းပင်တစ်ပင်မှ တစ်ပင်ကူးပြောင်းပြီး ဝတ်ရည်စုပ်ယူရန် ကြိုးစားကြရာ နောက်ဆုံးပန်းပင်အစစ်အမှန်မှာပဲ စုပြုံပြီးဝတ်ရည်စုပ်နေသတဲ့။ ဒီလိုထက်မြက်တဲ့ အတွေးအခေါ်နဲ့ မင်းသားလေးဟာ ပန်းပင်အစစ်ကိုရှာဖွေတွေ့ရှိခဲ့ပြီး မင်းသမီးလေးနဲ့ပေါင်းဖက်ခွင့်ရသတဲ့။ မင်းသမီးလေးကလည်း မင်းသားလေးရဲ့အံ့မခမ်းလောက်တဲ့ ဉာဏ်ရည်နဲ့အမြော်အမြင်ကို သဘောကျပြီး မင်းသားလေးနဲ့ ပျော်ရွှင်စွာနေထိုင်သွားသတဲ့။ ဒီပုံပြင်လေးကတော့ အချင်းချင်းယှဉ်ပြိုင်တဲ့နေရာမှာ ဉာဏ်အမြော်အမြင်ရှိရှိနဲ့ ‘စစ်မရောက်ခင် မြားကုန်’ ဆိုသလို မယှဉ်ပြိုင်ခင်က အရှုံးပေးလိုတဲ့စိတ်ဓာတ်တွေကိုဖယ်ရှားပြီး ‘ယှဉ်ပြိုင်ခြင်းသာအဓိက’ဆိုတာကို နားလည်သဘောပေါက်ကာ ကျွန်မတို့တစ်တွေ ယှဉ်ပြိုင်ခွင့်ရတဲ့အခါမှာ အကောင်းဆုံးယှဉ်ပြိုင်ကြဖို့ လမ်းညွှန်ထားတဲ့ ပုံပြင်လေးပါ။

ဒီလမ်းပြကြယ် ပုံပြင်လေးတွေက ညွှန်ပြထားတဲ့ သင်ခန်းစာလေးတွေကို အတုယူပြီး ‘စက်မှုဝန်ကြီးဌာန’ ဆိုတဲ့ မိခင်ကြီးကမွေးထုတ်ပေးလိုက်တဲ့ ကျွန်မတို့ညီအစ်ကိုမောင်နှမတစ်တွေ ကျားမိုက်လိုလည်း ဘဝမမေ့ဘဲ လုလင်ပျိုလေးလိုလည်း ဆရာကိုမပြစ်မှားမိအောင် ကိုယ်တိုင်ထိန်းသိမ်းရင်းနဲ့ မင်းသားလေးလို ထက်မြက်တဲ့အတွေးအခေါ် အမြော်အမြင်တွေကို တစ်နေ့ထက်တစ်နေ့တိုးတက်အောင် ရှာဖွေသင်ယူရင်းနဲ့ မိခင်ဝန်ကြီးဌာနကြီး အခြားသူတွေနဲ့ယှဉ်ပြိုင်တဲ့အခါ အနိုင်ယူနိုင်အောင် အတူလက်တွဲကြိုးစားလိုက်ကြစို့နော်။

# အသံကြားနှင့် အမှန်တရား



❖ လောကဇာတ်ခုံကို
ပြောပြတတ်ရုံနဲ့
ဇာတ်ကောင်တို့ရဲ့ စရိုက်မှန်
ထိုက်တန်အောင် သိမှာလား…

❖ နှလုံးသားနှင့် ကိုယ်ချင်းစာ
ရင်ဘတ်နှင့် တိုင်းတာသွား
သွေးသားနှင့် အရေးထားခြင်း
စိတ်ရင်းနှင့် ကွင်းဆင်းပါမှ
ဇာတ်ညွှန်းက အစုံစုံ
စရိုက်က အဖုံဖုံ
ခြုံငုံစဉ်းစား
ကြားသောအသံ
မှန်သောအရှိ
ပကတိသည်…

❖ သုံးသပ်မှုအတွက် ထောက်ကူလျက်ပါ
နှုန်းတပ်မှုအတွက် ထောက်ကူလျက်ပါ
ဆုံးဖြတ်မှုအတွက် ထောက်ကူချက်ပါ။

**သဟဇ (ပခုက္ကူ)**

စာမျက်နှာ ၁၁ မှ -

အလေးချိန် ၁၀၀ ဂရမ် (ခြောက်ကျပ် တစ်မက်သား) တွင် ကယ်လိုရီ ၇၂ ဂရမ်၊ ပရိုတင်းဓာတ် ၁ ဂရမ်၊ အဆီဓာတ် ၀. ၈ ဂရမ်၊ ကဆီဓာတ် ၁၇. ၇ ဂရမ်၊ ထုံးဓာတ် ၁၃ မီလီဂရမ်၊ သံဓာတ် ၀. ၇ ဂရမ်၊ ဗီတာမင်$B_1$ ၀. ၀၇ ဂရမ်၊ ဗီတာမင်$B_2$ ၀. ၀၁ ဂရမ်၊ နိုင်ယာစင် ၀. ၃ မီလီဂရမ်၊ ဗီတာမင် C ၇ ဂရမ်တို့ အသီးသီးပါဝင်ပါသည်။

အလုပ်ခွင်မှာဖြစ်စေ၊ လမ်းမှာဖြစ်စေ၊ အိမ်မှာဖြစ်စေ သံစူးပါက သံစူးသောနေရာကို သလဲရွက်သတ္တုရည်မကြာမကြာ ထည့်ပေးပါက အနာမရင်းပိုးမဝင်ဘဲ မကြာမီရက်ပိုင်းအတွင်း ပျောက်ကင်းသွားပါလိမ့်မည်။

‘ကတိသစ္စာတည်သောအခါဝယ် ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏’ ဟူသော စကားအတိုင်း မြန်မာ့မြေပေါ်မှာအလွယ်တကူ စိုက်ပျိုးပေါက်ရောက်နိုင်သော သလဲပင်၏ ဆေးဖက်ဝင်ပုံများကို လက်လှမ်းမီသမျှ ဗဟုသုတအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ပြည်သူပြည်သားအပေါင်း ဆေးပညာဗဟုသုတများပြည့်စုံပြီး ကျန်းမာချမ်းသာကြစေကြောင်း စေတနာထပ်လောင်းလျက်။

Ref : မြန်မာ့အစားအစာနှင့် အာဟာရ (ကျန်းမာရေးဝန်ကြီးဌာန)
ရောဂါများနှင့် တိုင်းရင်းဆေး (ကျော်တင့်ဆွေ)
လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များ (ကျန်းမာရေးဝန်ကြီးဌာန)



# အမေ့အိမ်

**စည်သူလွင်**

ဒီရက်အတွင်း ပျင်းပျင်းရှိသည်နှင့် TV ရှေ့မထတမ်း ထိုင်မိသည်။ TV က လည်း လာချင်တာတွေလာပြီး ကိုယ်က လည်း တွေးချင်တာတွေတွေးလို့နေမိသည်။ ဒါပေမဲ့ ပြကွက်တစ်ခုက ရင်ထဲအလိုလိုရောက်လာသည်။ ပြသည့် ရုပ်သံလိုင်းက CNN ။ ပြသည့်အကြောင်းက အငှားကိုယ်ဝန်ဆောင်သည့် ထိုင်းမလေး တစ်ယောက်အကြောင်း။ ဇာတ်လမ်း အကျဉ်းကတော့ ဒီလိုပါဗျာ။

ပတ်တရာမွန်လို့ခေါ်သည့် အသက် (၂၁) နှစ်အရွယ် ထိုင်းမလေးတစ်ယောက်က အငှားကိုယ်ဝန်ဆောင်ဖို့ လက်ခံလိုက်သည်တဲ့။ သူ ရသည်က ဩစတြေးလျ ဒေါ်လာ (၁၆၀၀၀)။ မျိုးဗီဇကို ဩစတြေးလျ လင်မယားဆီကရသည်။ ကိုယ်ဝန်ရင့်လာတော့ သူ့ကိုယ်ဝန်က အမြွှာဆိုတာသိလာသည်။ ထို့အပြင် ကလေးတစ်ယောက်က (Down Syndrome) မွေးရာပါ ဉာဏ်ရည်ချို့တဲ့ရောဂါပါသည်တဲ့။ ဒီတော့ ဩစတြေးလျ လင်မယားက ထိုင်းမလေးကို ကိုယ်ဝန်ဖျက်ချခိုင်းသည်။ ထိုင်းမလေးက လက်မခံ။ မရရအောင်မွေးသည်။ မွေးလာတော့ ယောကျ်ားလေး၊ မိန်းကလေး အမြွှာဖြစ်သည်။ ယောကျ်ားလေးကတော့ ဆရာဝန်ခန့်မှန်းသလို Down Syndrome ပါလာသည်။ ဩစတြေးလျ လင်မယားက ကျန်းမာသန်စွမ်းသည့် မိန်းကလေးကို ခေါ်သွားသည်။ ယောကျ်ားလေးကို ထိုင်းမလေးဆီထားခဲ့တော့သည်။ ကလေးမှာက Down Syndrome အပြင် မွေးရာပါ နှလုံးရောဂါကလည်း ရှိသေးသည်။ ထိုင်းမလေးက ကလေးကိုမဖြစ်ဖြစ်အောင်မွေးမည်။ ရောဂါတွေလည်းမဖြစ်ဖြစ်အောင် အောင်ကုပေးမည်တဲ့။

တကယ်ဆို ထိုင်းမလေးအနေနှင့် ကလေးကို သူ့ကံနှင့်သူပစ်ထားလိုက်လို့ရသည်။ သူ့အနေနှင့်စီးပွားရေးတစ်ခုလုပ်ခဲ့ခြင်းသာဖြစ်ပါသည်။ (စာကြွင်း။ အိန္ဒိယ၊ တရုတ်နဲ့ထိုင်းနိုင်ငံတွေမှာ အငှားကိုယ်ဝန်ဆောင်ခြင်း တစ်နှစ်ကို (၆၀၀) ခန့်ရှိပါသတဲ့။) ဒါပေမဲ့ ပစ်မထားနိုင်သည်က သူမ၏ မိခင်စိတ်ဖြစ်မည်။ ဒီဇာတ်လမ်းကို ကြားရသူတိုင်း စုပ်တသပ်သပ်စိတ်မကောင်းဖြစ်ရသည်။ မိခင်စိတ်ကသာ ကြုံ့ကြုံ့ခိုင်ရင်ဆိုင်ရဲသည့် သတ္တိကိုမွေးဖွားစေလိမ့်မည်။ မိခင်စိတ်ဖြင့်သာ နွေးထွေးလုံခြုံစေနိုင်ပါလိမ့်မည်။

× × ×

ပဲခူး၊ ဘုရားကြီး၊ ဝေါ၊ သိမ်ဇရပ်၊ ကျိုက်ထို၊ ဘီးလင်း၊ ကျိုက္ကော်သိမ်ဆိပ်၊ သထုံတောင်စွန်း၊ ရင်းငြိမ်၊ ဇင်းကျိုက်၊ ပေါင်၊ ကျွဲခြံ၊ မုတ္တမ၊ တံတားကူးပြီးရင်တော့ မော်လမြိုင်ရောက်ပြီ။ ဒီလမ်းသည် ကျွန်တော့်အိမ်ပြန်လမ်းဖြစ်သည်။ ဒီလမ်းကိုကျွန်တော်ကြိမ်ဖန်များစွာ ဖြတ်ဖူးသည်။ ကျွန်တော်တို့ငယ်ငယ်က ဟိုင်းလတ်ကားလေးတွေနှင့်သွားရသလို၊ အခုတော့ Express ကားကြီးတွေနှင့်သွားရသည်။ ကျွန်တော်တို့ငယ်ငယ်က ဇက်နဲ့ကူးရပေမဲ့ အခုတံတားကြီးနဲ့ကူးရသည်။ အခြေအနေတွေ ဘယ်လိုပင်ပြောင်းသွားပေမယ့် အမေ့အိမ်သည် နွေးထွေးနေဆဲ၊ ငြိမ်းချမ်းနေဆဲ၊ လုံခြုံနေဆဲ။

ကျွန်တော် ၁၀ တန်းကျောင်းသားတုန်းကဖြစ်ပါသည်။ အိမ်မှာ အဖေနဲ့အမေကြားမှာ ပြဿနာတွေရှိသည်။ ဒီတော့ သားသမီးတွေလည်း နေရတာစိတ်ညစ်သည်။ မိဘအိမ်ရဲ့အပြင်ဘက်ကို ထွက်သွားချင်မိသည်။ အဲဒီတုန်းက ငယ်တဲ့စိတ်နဲ့ငါထွက်သွားပြီးရင် ဘယ်တော့မှပြန်မလာတော့ဘူးလို့လည်း တွေးသည်။ တစ်နေ့ ကျွန်တော့်အဒေါ် (မေမေ့အစ်မ) အိမ်လာလည်သည်။ အဒေါ်ပြန်ခါနီးမှာ ကျွန်တော် အဒေါ်နဲ့လိုက်သွားတော့မယ်လို့ ပြောလိုက်ပါတော့သည်။ မေမေရော အဒေါ်ပါ တော်တော်အံ့ဩသွားပါသည်။ ဒါပေမဲ့ ခွင့်ပြုလိုက်သည်။

အဒေါ့်အိမ်မှာပျော်ပါသည်။ စိတ်ညစ်စရာလည်း ဘာမှမရှိပါ။ ဒါပေမဲ့ အမေ့ကိုသတိရနေသည်။ တစ်ပတ်ပြည့်တဲ့နေ့မှာ ကျွန်တော့်အဒေါ်က သီချင်းတစ်ခွေဖွင့်ပြပါသည်။ သီချင်းခွေက ထူးအိမ်သင်ရဲ့ 'အမေ (သို့) အကြွင်းမဲ့မေတ္တာတော်တွဲ' သီချင်းခွေ။ သီချင်းတစ်ပုဒ်ပြီးတိုင်း ကျွန်တော်ငိုရသည်။ သီချင်းခွေဆုံးတော့ ကျွန်တော်အမေ့အိမ်ကို ပြန်လာခဲ့တော့သည်။ အမေနဲ့ပဲ ဒုက္ခတွေကိုရင်ဆိုင်တော့မည်။ အမေနဲ့ပဲ နေတော့မည်လို့။

× × ×

ကျွန်တော့်မှာ မွေးရာပါအားနည်းချက်တွေရှိသည်။ ချို့ယွင်းချက်တွေရှိသည်။ ဒီတော့ သူများနဲ့ယှဉ်ရင် ကိုယ်ကတစ်ဆင့်နိမ့်နေသလို ခံစားရသည်။ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်လွန်းတဲ့တစ်နေ့ ကမ္ဘာကြီးက ထွက်ခွာရန်ကြိုးစားသည်။ ဒါပေမဲ့ အဖေနဲ့အမေက အသည်းအသန်ပြန်ကုထားတော့ အသက်ပြန်ရှင်လာသည်ပေါ့။ ရင်းနှီးယုံကြည်ရတဲ့ သူငယ်ချင်းလေးကိုတော့ ပြောဖြစ်သည်။ ငါ့ကို မေမေကဒီအတိုင်းထွက်သွားခွင့်ပေးလိုက်ရမှာလို့။ သူငယ်ချင်းက ပြန်ပြောပါသည်။ ဘယ်အမေကမှ သားသမီးကိုလွယ်လွယ်လေးထွက်သွားခွင့်ပေးမည်မဟုတ်။ ဒါ မိခင်စိတ်ပါပဲတဲ့။

ကျွန်တော့်မှာ အမေပေးထားတဲ့စိတ်ဓာတ်ခွန်အားတွေရှိသည်။ အမေရိုက်သွင်းထားတဲ့ ဘာသာရေးအသိရှိသည်။ အမေသင်ပေးထားတဲ့ လူမှုဆက်ဆံရေးပညာရှိသည်။ ကျွန်တော့်မှာ အမြဲတမ်းနွေးထွေးနေတဲ့ အမေရှိသည်။ ဒီလိုနဲ့ပဲ ကျွန်တော်ဆက်ရှင်သန်ဖြစ်ခဲ့သည်။ ဘဝကို အရှုံးမပေးစတမ်း ဆက်လျှောက်ဖြစ်ခဲ့သည်။

ကျွန်တော်လည်း အသက်ကြီးလာခဲ့ပါပြီ။ အမေတို့လည်း အသက်ကြီးလာပါပြီ။ ဒါပေမဲ့ အိမ်ပြန်ရောက်တိုင်း ကျွန်တော်ဘာစားချင်လဲ၊ ဘာလုပ်ချင်လဲ။ အမေကိုယ်တိုင် မငြီးမငြူလုပ်ပေးနေဆဲ။ ကျွန်တော့်အလုပ်ထဲက အကြောင်းတွေ မေးမည်။ တမေ့တမော နားထောင်မည်။ ကျွန်တော့်မျက်နှာကို အရိပ်လိုကြည့်မည်။ အစစအရာရာ စိတ်မချဖြစ်နေဦးမည်။ ကျွန်တော့်အသက် ဘယ်လောက်ကြီးကြီး အမေ့မျက်စိထဲမှာ ကလေးသာသာပဲဖြစ်ပါသည်။ အမေဆိုတာ ကိုယ့်သားသမီးကို ကြက်သားအုပ်မကြီးလို အစစအရာရာ ကာကွယ်မှုပေးချင်သူသာ ဖြစ်ပါသည်။ ဒါကလည်း ကျွန်တော့်အမေမှမဟုတ်၊ ကမ္ဘာပေါ်ရှိ အမေတိုင်းဖြစ်ပါသည်။ တုန့်ပြန်ရာမရှိသည့် မိခင်စိတ်ပင်ဖြစ်ပါသည်။

× × ×

CNN သတင်းကြည့်အပြီးမှာ ကျွန်တော့်စိတ်တွေ အမေ့အိမ်ပြန်ရောက်သွားပါသည်။ ကျွန်တော်ရဲ့အိမ်အပြန်လမ်းတလျှောက်မှာ ဇင်းကျိုက်တောင်တန်းကြီးက နီးလာလိုက် ဝေးသွားလိုက်နှင့်စိုင်းညို့ရီညိုလို့ရှိနေပါသည်။ ကျွန်တော်ကလည်း အိမ်ပြန်လမ်းတိုင်း မျက်ရည်စို့ပါသည်။

Credit to : အမေ့အိမ် (ထူးအိမ်သင်)

Source : CNN



# နိစ္စဓူဝ လုပ်ဆောင်ခြင်း



စာရေးသူ မကျဉ်းမကျယ်ရေးသားတင်ပြမည့် ပုံပြင်လေးသည် ရှေးပညာရှိကြီးများမှ နောင်လာနောက်သားများအတုယူဖွယ်ရာ ရေးသားထားခဲ့သောပုံပြင်လေး တစ်ပုဒ်ဖြစ်ပါသည်။

ဤပုံပြင်လေးသည် စာပေလောကစာအုပ်များ၏ စာမျက်နှာများတွင် တွေ့ရခဲသောပုံပြင်တစ်ပုဒ်ဖြစ်သလို လူသိနည်းပါးသော ပုံပြင်လေးတစ်ပုဒ်လည်းဖြစ်ပြီး ပြည်သူ့ဝန်ထမ်းလောကတွင် အလွန်အတုယူစရာအကောင်းဆုံးပုံပြင်လေးဟုယူဆမိပါသည်။

ရှေးအခါက ရိုးသားပြီးကြိုးစားသည့် မောင်သိဒ္ဓိဆိုသော လူငယ်လေးတစ်ဦးသည် ဝါနိစ္စရွာတွင် မိခင်အိုကြီးနှင့်အတူနေထိုင်လေသည်။ မောင်သိဒ္ဓိသည် ဝါနိစ္စရွာရှိလူအများ၏နွားများကို နေ့စဉ်ရွာအပြင်သို့ထုတ်ခါ ကျောင်းပေးရင်း၊ နွားကျောင်းခရရှိသောငွေဖြင့် မိခင်အိုကြီးအား အလုပ်အကျွေးပြုစုနေသည့် လူငယ်လေးတစ်ဦး ဖြစ်လေသည်။

မောင်သိဒ္ဓိကျောင်းပေးရသော နွားများမှာ နွားထီး၊ နွားမစုစုပေါင်းအကောင် ၂၀ ခန့်ရှိပါသည်။ နေ့စဉ် နွားကျောင်းသွားတိုင်း ရွာအပြင်နွားစားကျက်သို့ရောက်ရှိရန် ရေအနက်ပေါင်ရင်းလောက်ရှိပြီး အကျယ်ဆယ်တောင်ခန့်ရှိသောရေစစ္စလီချောင်းလေးအား နွားများနှင့်အတူ ဖြတ်ကူး၍ သွားရပါသည်။

ရွာအပြင်နွားစားကျက်ကွင်းသို့ ရောက်ရှိလျှင် နွားများအားဖြန့်ချကာ မောင်သိဒ္ဓိသည် သစ်ပင်အရိပ်ကောင်းကောင်းတွင်ထိုင်ရင်း နွားများတောနက်ထဲသို့ရောက်မသွားရေး၊ နွားအချင်းချင်း ခိုက်ရန်ဒေါသမဖြစ်ရေးနှင့် နွားများမပျောက်ရှုရေးအတွက် ကြည့်ရှုနေရပြီး လိုအပ်လာပါက အနီးကပ်ကြပ်မတ်ဆောင်ရွက်မှုများ လုပ်ဆောင်ပေးရပါသည်။ ညနေစောင်း၍ အိမ်ပြန်ပါက နွားများအကောင်အရေအတွက်ပြည့်၊ မပြည့်စစ်ဆေးခြင်း၊ နွားများမာမကျန်းရှိ မရှိစစ်ဆေးခြင်းတို့ကိုပြုမူပြီးပါမှ ရွာသို့ခေါ်ဆောင်မောင်းနှင်သွားလေသည်။

ယင်းသည် မောင်သိဒ္ဓိ၏ နိစ္စဓူဝအလုပ်ပေတည်း။ တစ်နေ့ညနေစောင်း နွားကျောင်း၍ အိမ်ပြန်ခါနီးတွင် နွားမတစ်ကောင်သည် နွားထီးလေးတစ်ကောင်ပေါက်ပါလေရာ မောင်သိဒ္ဓိသည် နွားပေါက်လေးအား မနင်းမိစေရန် နွားအုပ်အားရှေ့မှမောင်းနှင်ပြီး နောက်ဆုံးတွင်နွားပေါက်လေးနှင့်နွားမကြီးအား လိုက်စေလေသည်။ ရွာဝင်ခါနီး ရေစစ္စလီချောင်းသို့ရောက်သောအခါတွင် နွားအုပ်မှာမူ ပုံမှန်ဖြတ်နေကျချောင်းအားဖြတ် ကူးကြသော်လည်း နွားမကြီးမှာသူ့နွားသားလေး ချောင်းကိုမကူးနိုင်မှန်းသိ၍ ချောင်းအားမဖြတ်တော့ဘဲ 'ဝမ်းဘဲ၊ ဝမ်းဘဲ' ဟုအော်ဟစ်နေလေသည်။ မောင်သိဒ္ဓိသည် သဘောပေါက်သဖြင့်နွားမကြီးအားအသာအယာပွတ်သပ်ပေးပြီး နွားသားလေးအားပွေ့ချီကာချောင်း တစ်ဖက်ကမ်းသို့ကူးလေမှသာ နွားမကြီးလည်း လိုက်ကူးလေတော့သည်။

ယင်းသို့သောအနေအထားဖြင့် နေ့စဉ်နေ့တိုင်း မောင်သိဒ္ဓိသည် နွားသားပေါက်ကလေးအားပွေ့ချီ၍ အသွားအပြန်ချောင်းကို ဖြတ်ကူးပေးရလေသည်။ နေ့စဉ်ပွေ့ချီချောင်းဖြတ်ကူးရသဖြင့် နွားသားလေးအား သံယောဇဉ်ဖြစ်လာသလို နွားသားလေးသည်ကူးနိုင်သည့်အရွယ်သို့ရောက်လာသော်လည်း ချောင်းဖြတ်ခါနီးတိုင်း မောင်သိဒ္ဓိ၏နားသို့ကပ်၍ ပွေ့ချီစေရန်ရပ်နေတတ်လေသည်။

ဤအတိုင်းပင်နိစ္စဓူဝပွေ့ချီဖြတ်ကူးရင်း နှစ်ကာလကြာလာသည့်အခါ နွားသားလေးသည် နွားပျိုသိုးအရွယ်သို့ရောက်ရှိလာလေသည်။ နွားပျိုသိုးအရွယ်ဖြစ်လာသော်လည်း မောင်သိဒ္ဓိကတော့ နွားပျိုသိုးကိုပွေ့ချီ၍ ချောင်းကို ဖြတ်ကူးနိုင်တုန်းပင်ဖြစ်ပေသည်။

ရေစီးသန်သောချောင်းတွင် နွားပျိုသိုးတစ်ကောင်အား ပွေ့ချီဖို့မပြောနှင့်၊ လူကနွားဦးချိုအား လက်နှင့်ကိုင်၍တွန်းလျှင်ပင် မရွှေ့နိုင်သည်ကိုသိသူများက မောင်သိဒ္ဓိတစ်ယောက် နွားပျိုသိုးအားပွေ့ချီ၍ ချောင်းဖြတ်ကူးနိုင်ခြင်းအား အံ့ဩချီးကျူးမဆုံးဖြစ်နေကြလေသည်။ ပုံပြင်လေးအား ဒီမှာပင်ရပ်လိုက်ပြီး ဆိုလိုရင်းကိုဖော်ပြပါမည်။

စာရေးသူရေးသားတင်ပြလိုသည်မှာ အမေအိုကြီးကိုလုပ်ကျွေးပြုစုနေသော ရိုးသားပြီးကြိုးစားသည့် နွားကျောင်းသားလေးမောင်သိဒ္ဓိသည် နွားပျိုသိုးအရွယ်ရောက်မှ နွားကိုပွေ့ချီမည်ဆိုပါက မည်သို့မျှပွေ့ချီနိုင်လိမ့်မည် မဟုတ်ပါ။ နွားသားလေးမွေးကင်းစအရွယ်ကတည်းကအစပြု၍ နေ့စဉ်နေ့တိုင်း (နိစ္စဓူဝ) ပွေ့ချီဖြတ်ကူးလာခဲ့ခြင်းကြောင့် နွားအကောင်ကြီးလာပြီး အချိန်များစွာလေးလံလာသော်လည်း လေးမှန်းမသိ နွားပေါက်လေးကို ချီသကဲ့သို့ပင်ပွေ့ချီနိုင်ခြင်းဖြစ်ပေသည်။

သို့ကလို ရိုးသားကြိုးစားစွာဖြင့် မိခင်အိုကြီးအား အလုပ်အကျွေးပြုစုသည့် မောင်သိဒ္ဓိလိုစာရေးသူတို့ ပြည်သူ့ဝန်ထမ်းများသည်လည်း အမိနိုင်ငံတော်ကြီးကို ရိုးသားကြိုးစားစွာ အလုပ်အကျွေးပြုကြရမည်ဖြစ်ပါသည်။

အမိနိုင်ငံတော်ကြီးအား အလုပ်အကျွေးပြုရာတွင်လည်းလုပ်ရမည့်တာဝန်များ များလာမှ၊ ပိလာမှထမ်းဆောင်ခြင်းမျိုးထက် နေ့စဉ်နေ့တိုင်း (နိစ္စဓူဝ) တာဝန်ကိုကြေးမထားဘဲထမ်းဆောင်နေပါလျှင် တာဝန်သည်လေးလံမှုမရှိဘဲ ပေါ့ပါးလန်းဆန်းစွာထမ်းဆောင်နေရသည် ဟုမှတ်ယူကာ ပျော်ရွှင်စရာပင်ဖြစ်နေတော့မည်ဖြစ်ပါသည်။

လုပ်ငန်းတာဝန် နေ့စဉ်မထမ်းဆောင်ဘဲ များလာမှ၊ ပိလာမှ၊ လေးလာမှထမ်း ဆောင်မည်ဆိုပါလျှင် များပြားလှသောအလုပ်များကိုကြည့်ကာ စိတ်ဓာတ်များကျဆင်းပြီး တာဝန်ကိုမကျေပြွန်နိုင်တော့ဘဲ ဘဝပင်ပျက်သုဉ်းသွားနိုင်သည်အထိ ဖြစ်နိုင်ပါပေသည်။

## နီးကြားကြိုးစား



☞ ကြိုးစားလော့ ညီငယ်
ခေတ်နောက်မကျဖို့
တစ်ကစလို့ အခြေခံ
မသိတာမေး
မတတ်တာဆည်းပူး
နားမလည်တာ လေ့လာ
ဘယ်တော့မှ ခါးထောက်မဝေမန်နဲ့ ....။

☞ အခုဆို
လက်မှုတွေ ကျော်လွှားလို့
စက်မှုတွေထွန်းကားလာပြီမို့
ဆရာကောင်းကို ချဉ်းကပ်
အတတ်ပညာကို အသုံးချ
နည်းလမ်းသစ်ကို ရှာဖွေ
စည်းစနစ်တော့ ကျဖို့လိုပေတယ်....။

☞ အခုအချိန်
ခေတ်အခါကောင်း အချိန်မို့
အသစ်ရှာညဏ်ကို သွားပြီး
တစ်ခေတ်မှာ သစ်ဆန်းရအောင်
အရွယ်မလွန်ခင် ကြိုးစားကြဖို့
တကယ်ခင်မင် စေတနာရှင်းနဲ့
စက်မှုညီအစ်ကို မောင်ရင်းနှမတို့
နီးကြားလို့ ကြိုးစားကြပါစို့....။

သူရဝင်း (စက်မှု (၃) ချည်ငင်)

သို့ပါသောကြောင့် ပြည်သူ့ဝန်ထမ်းများအနေဖြင့် 'နိစ္စဓူဝလုပ်ဆောင်ခြင်း' ဆောင်းပါးမှ ပုံပြင်လေးအား ဖတ်ရှုကြရင်း မိမိတို့၏အလုပ်တာဝန်များကို 'နိစ္စဓူဝ' လုပ်ဆောင်တတ်သော အလေ့အကျင့်များရရှိကာ အသိဉာဏ်များတိုးပွားနိုင်ကြပါစေလို့ ဆန္ဒပြုရင်း. . . . . ။

KKG (INSP) HI-12

ရသ

# မနက်ဖြန် သို့မဟုတ် ဘယ်သောအခါ



ဇင်ယော်

စာစောင်တွေမှာတွေ့သည်။ TV မှာမြင်နေရသည်။ လူတွေသေနေကြသည်။ လေယာဉ်ပျက်ကျလို့ သေကြသည်။ လျှောင်လှုပ်လို့ သေကြသည်။ စစ်ပွဲတွေကြောင့် သေကြသည်။ ရေကြီး၍၊ မြေပြို၍သေကြသည်။ အီဘိုလာလိုရောဂါမျိုးတွေကြောင့် သေကြသည်။ သေခြင်းတရားက အနီးမှာရှိသည်။ သေခြင်းတရားက သတင်းတွေထဲမှာပါသည်။ ဒါပေမဲ့ ကျွန်တော်တို့သတိမထားမိ။ သတိထားမိသော်မှ အတင်းမေ့ဖျောက်ထားတတ်ကြသည်။ တစ်ခါတစ်လေ သေခြင်းတရားက ကိုယ့်အနီးပတ်ဝန်းကျင်မှာ ကြုံလာတော့မှသတိရကြတော့သည်။ ဒါသည်ပင် ကျွန်တော်တို့လူသားတွေ၏ ဓမ္မတာဖြစ်လေမည်လား မသိ။

သောကြာနေ့ညနေက အစ်ကိုနဲ့အစ်မကို ကားပေါ်မှာတွေ့လိုက်သေးသည်။ မှတ်မှတ်ရရ အစ်ကိုတို့ဘဝတွေများ အားကျဖို့ကောင်းလိုက်တာဟု တွေးလိုက်မိသေးသည်။ ဟိုတလောကမှ အစ်ကို၊ အစ်မနဲ့ကလေးရဲ့ဓာတ်ပုံကို Facebook မှာတွေ့လို့ Like ပေးလိုက်သေးသည်။ အခု တနင်္လာနေ့မှာ အစ်ကိုမရှိတော့ဘူးတဲ့။ အမြဲတမ်းပြုံးနေတတ်တဲ့ အစ်ကိုတစ်ယောက်၊ စိတ်ထားပြည့်ဝတဲ့အစ်ကိုတစ်ယောက်၊ ကျွန်တော်တို့ထက် အရင်ခရီးထွက်သွားနှင့်ပြီကော။ ရက်စက်လှချည်လား ကံဇာတ်ဆရာရေ. .။

ကျွန်တော်တို့တစ်တွေ လူရယ်လို့ဖြစ်လာကတည်းက သိခြင်း ၁ ခုနှင့် မသိခြင်း ၅ ခုပါလာခဲ့သည်ဟုဆိုကြသည်။ သိခြင်းတစ်ခုကတော့ လူတိုင်းသေရမယ်ဆိုတာပါ။ သူလည်းသေရမည်။ ကိုယ်လည်းသေရမည်။ ဇာတိဆိုတာ ဖြစ်လာကတည်းက တစ်နေ့သေကိုသေရမည်ကို သိကြပြီးဖြစ်ပါသည်။ ဒါပေမဲ့ မသိခြင်း ၅ ပါးရှိပါသည်။

(၁) ဘယ်အသက်အရွယ်တွင် သေရမည်ကို မည်သူမျှမသိ။

(၂) ဘယ်လိုဝေဒနာ၊ ဘယ်လိုအန္တရာယ်နှင့် သေဆုံးရမည်ကို မည်သူမျှမသိ။

(၃) ဘယ်နေ့၊ ဘယ်အချိန်သေဆုံးရမည်ကို မည်သူမျှမသိ။

(၄) ဘယ်နေရာမှာ သေရမည်ကို မည်သူမျှမသိ။

(၅) သေပြီးအခြားမဲ့၌ ဘာဖြစ်မည်ကိုလည်း မည်သူမျှမသိနိုင်ပါ။ အဆိုပါမသိခြင်းများကြောင့်လည်း ကျွန်တော်တို့တွေ ဘဝမှာနေပျော်နေခြင်းဖြစ်ပါသည်။ ရည်မှန်းချက်တွေထားပြီး ရှင်သန်ကြိုးစားနေခြင်းဖြစ်ပါသည်။ ဒါတွေကိုပဲ ရှင်သန်ခြင်း၏ အဓိပ္ပာယ်အဖြစ် ယူမှတ်ရမည်ထင်ပါသည်။ သေပြီးမှတော့ တခြားဘာများဖြစ်နိုင်ပါဦးမလဲ စဉ်းစားမိသည်။

ငါတို့တွေ ဘယ်နှစ်ကြိမ်ရှင်သန်ခဲ့ပြီလဲ။
ငါတို့တွေ ဘယ်နှစ်ကြိမ်လောက် သေဆုံးခဲ့ပြီးပြီလဲ။
ငါတို့တွေ အသက်ထွက်သွားတဲ့အခါ
အလေးချိန် ၂၁ ဂရမ်လျော့သွားတယ်လို့ပြောကြတယ်။
ဒီ ၂၁ ဂရမ်နဲ့အတူ ဘာတွေရခဲ့ပါလိမ့်။
ဘာတွေရော ဆုံးရှုံးသွားပါလိမ့်။
၂၁ ဂရမ်ပဲ ဆုံးရှုံးခဲ့သလား။
အဲဒါနဲ့အတူ ဘာတွေပါသွားပါလိမ့်။
ဘယ်လောက်ကောရခဲ့ပါလိမ့်။
၂၁ ဂရမ်ရယ် ဘယ်လောက်များလေးလိုက်ပါသလဲ
ကွယ်တဲ့။

ကျွန်တော်နှစ်သက်ခဲ့တဲ့ ၂၁ ဂရမ် (21 grams) ဇာတ်ကားရဲ့စာသားတွေပါ။ သူပြောတဲ့ ၂၁ ဂရမ်က လေးလိုက်တာဆိုသလိုပဲ ကျွန်တော်တို့တွေရှင်သန်ဖို့က မလွယ်ပါဘူး။ ရှင်သန်ရဖို့ကြိုးစားလှုပ်ရှားရတာတွေ၊ ပြုစုစောင့်ရှောက်ရတာတွေ၊ တာဝန်တွေ၊ ဝတ္တရားတွေစသည်ဖြင့်ပေါ့။ ပြီးတော့ ဘေးအန္တရာယ်တွေနဲ့ ရောဂါတွေကပတ်လည်ဝိုင်းလို့။ ဒီလိုပါပဲ ရှင်သန်ဖို့ခက်သလို သေဖို့လည်းခက်တာပါပဲ။ ကိုယ်ကချစ်တဲ့သူ၊ ကိုယ့်ကိုချစ်တဲ့သူတွေကို အားလုံးထားခဲ့ပြီးနောက်မှာ ဘာမှန်းမသိတဲ့နေရာတစ်ခုကိုထွက်သွားရတဲ့အခါ ဘယ်လိုခွန်အားတွေနဲ့များ ထွက်သွားဖို့ရဲပါ့မလဲ။

တစ်နေ့ကျရင် သွားကိုသွားရမယ့် ဒီခရီးအတွက် ဘာတွေများပြင်ဆင်ထားပြီးပြီလဲ။ ကျွန်တော်ကိုယ်တိုင် ဒီမေးခွန်းကိုဖြေဖို့နေ့ရွှေ့၊ ညရွှေ့လုပ်နေမိပါတယ်။ ကိုယ်ကကျန်းမာသေးတာပဲ။ လုပ်စရာတွေအများကြီး ရှိသေးတယ်။ ဘဝမှာ ဘယ်လောက်တော့ဖြစ်အောင်လုပ်ရဦးမယ်စသည်ဖြင့်ပေါ့။ တကယ်တော့ ကံကြမ္မာအလှည့်အပြောင်းဆိုတာ ဘယ်လိုမှကြိုတွက်မထားနိုင်တာမျိုးရယ်ပါ။ သေခြင်းဆိုတာ ရုတ်တရက်ကြုံချင်လည်းကြုံမယ်။ ရောဂါဝေဒနာခံစားပြီးမှလည်း ကြုံရနိုင်သည်ပေါ့။ သေမယ်ကိုကြိုသိထားရင်တော့ မသေခင်မှာအကောင်းဆုံးဖြစ်မယ်ထင်တာတွေ ကြိုးစားလုပ်သွားတာ အကောင်းဆုံးပါဘဲဗျာ။

သေခြင်းကိုနားလည်ရင် ရှင်တုန်းမှာကြိုးစားရမှာပါ။ ဘာတွေကြိုးစားရမလဲဆိုရင်တော့ ကျွန်တော်တို့ဗုဒ္ဓဘာသာအလိုအရ ဘာတွေချန်ထားခဲ့မလဲ။ ဘာတွေချန်ထားလို့ရသလဲ။ ဘာတွေယူသွားမလဲ။ ဘာတွေယူသွားလို့ရသလဲဆိုတာတွေပါ။ ကျွန်တော်တို့လည်း သေကြရဦးမှာပါ။ သံသရာစဉ်အဆက်ရဲ့ ဘယ်နှကြိမ်မြောက်မှန်းမသိတဲ့သေခြင်းနဲ့ရယ်ပါ။ မနက်ဖြန် သို့မဟုတ် ဘယ်သောအခါ. . . .။

(အစ်ကို ကိုအောင်အောင်သွင် ကောင်းရာသုဂတိရောက်ပါစေ)

## တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်

စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း)မှ အထွေထွေမန်နေဂျာ ဦးမင်းအောင်၊ ဒေါ်သက်သက်ငွေးတို့၏ သားသမီးသုံးဦးအနက် သမီးဖြစ်သူ ဒေါက်တာသန္တာအောင်ကို ဤစာနှင့်အတူဂုဏ်ပြုအပ်ပါသည်။

ဗြိတိသျှကောင်စီမှပေးအပ်သည့် IELTS ပညာသင်ဆုကို မြန်မာနိုင်ငံမှရရှိသည့် သတင်းကို Internet/ Facebook သတင်းမီဒီယာ၊ ဂျာနယ်များတွင် ဖတ်လိုက်ရသည်။ ဒေါက်တာသန္တာအောင်သည် တရုတ်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်ဝမ်၊ ထိုင်းနှင့်ဗီယက်နမ်စသည့် နိုင်ငံပေါင်းမြောက်များစွာ ကျောင်းသားရာချီ IELTS ဗြိတိသျှကောင်စီမှ ပညာသင်ဆုကို လျှောက်ထားဖြေဆိုခဲ့ရာ မြန်မာနိုင်ငံမှ Regional Scholarship ဆုကို စတာလင်ပေါင် ၂၅,၀၀၀ (မြန်မာကျပ်ငွေ - ၄၁၅ သိန်း) ဖြင့်ရရှိဆွတ်ခူးအောင်မြင်ခဲ့ပါသည်။ မြန်မာနိုင်ငံမှလျှောက်ထားသူ ၃၈ ဦးရှိပြီး ဒေါက်တာသန္တာအောင်နှင့်အတူ စောမယ်လ်ဗင်ကိုလေးက စတာလင်ပေါင် ၂,၅၀၀ (မြန်မာကျပ်ငွေ - ၄၁ သိန်း) ဖြင့် Country Scholarship ဆုကိုဆွတ်ခူးရရှိခဲ့ပါသည်။

၄င်းဆုများကို ဇူလိုင်လ ၂၃ ရက်နေ့ ညနေ ၃ နာရီက Sule Shangarila Hotel တွင် ဗြိတိသျှကောင်စီမှပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဒေါက်တာသန္တာအောင်မှ အဆိုပါဆုကိုရရှိခဲ့ပြီး ဂျာမနီနိုင်ငံ Charite Universitats Medizin ပညာသင်ခွင့်ရရှိခဲ့ပါသည်။ ၄င်းနှင့်အတူ ဆုရရှိခဲ့သူ စောမယ်လ်ဗင်ကိုလေးက စင်ကာပူနိုင်ငံ Kaplan Higher Education Academy ပညာသင်ခွင့်ရရှိခဲ့ကြောင်း သိရှိရပါသည်။ သမီးပျိုလေး၏ဂုဏ်သတင်းအား မိဘဆွေမျိုးများနှင့် ထပ်တူဝမ်းသာပီတိ ဖြစ်မိပါသည်။

**ကြံခင်းမောင်**




## ဂျပန်နိုင်ငံတွင် မဟာဘွဲ့သင်တန်းတက်

ဂျပန်နိုင်ငံ The Project for Human Resources Development Scholarship (JDS) အစီအစဉ်ဖြင့် ဂျပန်နိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ဖွင့်လှစ်မည့် လျှပ်စစ်စွမ်းအား/စွမ်းအင်ဆိုင်ရာ မဟာဘွဲ့သင်တန်းသို့ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ ဒုလက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းထွန်း တက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

# SME လုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အခြေခံကျသည့် Cluster Development Agent သင်တန်းပြုလုပ်




အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ဦးဆောင်မှုဖြင့် စီးပွားရေးလုပ်ငန်းများလျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ (၉) ဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ Cluster Development အဖွဲ့သည် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ အဖွဲ့ဝင် ၁၁ ဦးဖြင့်ဖွဲ့စည်းထားပါသည်။ ယင်းအဖွဲ့အနေဖြင့် Cluster အစုအဖွဲ့များ ဖွဲ့စည်းရေးအတွက် လှုံ့ဆော်ပညာပေးခြင်း၊ SME Diagnostic Study ပြုလုပ်ရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်ခြင်း၊ အလားအလာရှိသော SME များအား လေ့လာဖော်ထုတ်စုစည်း၍ Cluster ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းပြီးအစုအဖွဲ့များအား ပိုပြင်စွာလုပ်ငန်းဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်ခြင်း၊ Cluster အစုအဖွဲ့ Policy များချမှတ်ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

Cluster Development အဖွဲ့အနေဖြင့် အထက်ပါလုပ်ငန်းတာဝန်များအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီတို့ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးများတွင် SME Cluster စုဖွဲ့ရေး Agency ရုံးခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် Cluster ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ UNIDO (United Nations Industrial Development Organization) နှင့်ပူးပေါင်းပြီး လိုအပ်သည့် အကြံဉာဏ်၊ နည်းပညာအကူအညီများရယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ပူးပေါင်းဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် 'Cluster Development Agent Training' အား ရုံးအမှတ် (၃၁) တွင် ၅ ရက်ကြာ သင်တန်းဖွင့်လှစ်ခဲ့ရာ အဆိုပါသင်တန်းသို့ သင်တန်းသား ၃၁ ဦးတက်ရောက်ပြီး ယင်းတို့အနက် ၁၅ ဦးမှာ တိုင်းဒေသကြီး/ပြည်နယ်များမှ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ကြားတက်ရောက်စေခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါသင်တန်းတွင် UNIDO International Cluster Development Expert, Dr. Tamal Sarkar နှင့် National Project Coordinator ဦးတင့်ခိုင်တို့မှ သင်တန်းနည်းပြများအဖြစ်ဆောင်ရွက်ပြီး SME Cluster ၏သဘောတရား၊ Cluster Development ၏လုပ်ငန်းစဉ်နှင့် Cluster Development Agent ၏အခန်းကဏ္ဍ၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တို့အား အောက်ပါခေါင်းစဉ် ၁၀ ခုဖြင့် ရှင်းလင်းပို့ချခဲ့ပါသည်-

(၁) **Theories of agglomeration and UNIDO Methodology of cluster development**
Cluster ၏သဘောတရားများကို အခြေခံသိရှိစေပြီး Cluster စုဖွဲ့ခြင်းဖြင့် Cluster အစုအဖွဲ့ တိုးတက်ရေးဆိုင်ရာ ဆောင်ရွက်နိုင်ပုံ၊

(၂) **Indentify cluster and cluster stakeholders**
Cluster အဖွဲ့နှင့် Cluster Stakeholders များအကြား ကွန်ရက်တည်ဆောက်ပုံ၊ Cluster ရွေးချယ်သတ်မှတ်ပုံ၊ Cluster မြေပုံရေးဆွဲနိုင်ရန် လိုအပ်ချက်များ၊

(၃) **Case Studies of developed and developing countries**
ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် Cluster စုဖွဲ့၍ အောင်မြင်မှုရရှိခဲ့သည့် SME လုပ်ငန်းများ၊

(၄) **Trust building as a tool for cluster development**
Cluster Development Agent တစ်ဦးအနေဖြင့် Cluster အဖွဲ့ဝင်များအကြား ယုံကြည်မှုတည်ဆောက်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ယုံကြည်မှုတိုင်းတာသည့် indicator များအကြောင်း၊ ယုံကြည်မှုမပျက်စီးရန် သတိပြုရမည့်အချက်များ၊

(၅) **Diagnostic study**
Diagnostic study ပြုလုပ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်အခြေခံသဘောတရားများ၊

(၆) **How to create an action plan? (case study analysis)**
Action Plan ကောင်းတစ်ခုဖြစ်ရန် ဆောင်ရွက်ရမည့် နည်းလမ်းနှင့် Action Plan ရေးဆွဲရာတွင် ပါဝင်ထည့်သွင်းရမည့်အချက်များ သိရှိစေရန်နှင့် ရရှိလာသည့်အချက်အလက်များကိုအခြေခံ၍ SWOT analysis ပြုလုပ်ရန်နည်းလမ်းများ၊ Check List ပြုလုပ်ရမည့် ကဏ္ဍများ၊

(၇) **Tools and techniques for implementation**
Action Plan အား အကောင်အထည်ဖော်ရာတွင် လိုက်နာရမည့် အခြေခံအချက်အလက်နှင့် လိုအပ်ချက်များ၊

(၈) **Role of BDS providers**
Cluster အစုအဖွဲ့များအတွက် အထောက်အပံ့ဖြစ်သည့် Business Development Services provider အဖွဲ့များ၏အခန်းကဏ္ဍနှင့် အစိုးရအဖွဲ့အစည်း၊ ငွေကြေး/နည်းပညာဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ၊ ဒေသခံအသင်းအဖွဲ့များအကြား ကွန်ရက်တည်ဆောက်ဆက်သွယ်ပုံ၊

(၉) **Case study on "Role of a CDA"**
Cluster အစုအဖွဲ့အတွင်း Cluster Development Agent ၏အခန်းကဏ္ဍနှင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ရှောင်ရှားရမည့်အချက်များကို သိရှိပြီး Agent တစ်ဦးအနေဖြင့် ခံယူရမည့်စိတ်နေစိတ်ထားနှင့် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ၊ လုပ်ပိုင်ခွင့်နှင့် တာဝန်များအကြောင်း၊

(၁၀) **Sustainable development of poverty intensive clusters Monitoring and Evaluation of diagnostic study and action plan**
Diagnostic Study ပြုလုပ်၍ Action Plan ရေးဆွဲဆောင်ရွက်ခြင်း၊ ဆောင်ရွက်မှုများအပေါ် Monitor and Evaluate ပြုလုပ်ဆောင်ရွက်ပုံ၊ Action Plan တွင်ပါဝင်သည့် Activity အလိုက် Sub-Activites များခွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် အောင်မြင်မှုရှိ/မရှိဆန်းစစ်မှုများ၊

သင်ခန်းစာများ၏သဘာဝအရ သင်တန်းသားများအနေဖြင့် အဖွဲ့လိုက် Group Discussion ဆောင်ရွက်ရသည်ဖြစ်ရာ၊ မတူညီသည့်လုပ်ငန်းနယ်ပယ်များမှ အတွေ့အကြုံများပေါင်းစပ်ဖလှယ်ခွင့်ရရှိပြီး၊ အချိန်တိုအတွင်း စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေပါသည်။ ထို့အပြင် မိမိအဖွဲ့အစည်း၏အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့်စိန်ခေါ်မှုများအား ခြုံငုံသုံးသပ်၍ ဖြေရှင်းရမည့်နည်းလမ်းများနှင့် Agent တစ်ယောက်အနေဖြင့် ထားရှိရမည့်ခံယူချက်နှင့် သဘောထားတို့အား အသေးစိတ်ပို့ချဆွေးနွေးခဲ့ကြပါသည်။

အချုပ်အားဖြင့်ဆိုရသော် SME Cluster Development ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးအစိတ်အပိုင်းမှာ Cluster Development Agent များဖြစ်ပြီး Agent များအနေဖြင့် Cluster အဖွဲ့ဝင်များအကြား ယုံကြည်မှုတည်ဆောက်နိုင်ရေး အဓိကထားဆောင်ရွက်သွားရမည်ဖြစ်ရာ ထိုမှတစ်ဆင့် ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ SME လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့များအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**DISI**

■

## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

စက်မှုဝန်ကြီးဌာန၏ နဝမအကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အောင်ပန်းကျောင်းတိုက်၌ ဇူလိုင်လ ၁၉ ရက်နေ့ကကျင်းပရာ အဆိုပါကျောင်းတိုက်၌ဝါဆိုကြမည့် သံဃာတော် (၅၅) ပါးတို့အား ညွှန်ကြားရေးမှူး ဦးဇော်နည်မျိုးအောင်၊ အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) မှ အထွေထွေမန်နေဂျာ ဦးမျိုးချို့နှင့်အရာထမ်း၊ အမှုထမ်းများက အရဟံဆွမ်းဆက်ကပ်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။



## တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကိုယ်စားလှယ်များ လေ့လာရေးခရီးသွားရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Longling Conch Cement Co., Ltd ၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ရှိ ဘိလပ်မြေစက်ရုံများအား လေ့လာရန် ဩဂုတ်လ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့အထိ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်မောင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းမှ လ/ထညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်) မှ လ/ထအထွေထွေမန်နေဂျာများဖြစ်သော ဦးစိုးဝင်း၊ ဦးဝင်းညွန့်၊ ဦးဝင်းကိုကို၊ ဦးမြဆန်း၊ ဦးကျော်လွင်၊ ဦးဖြိုးဝေသက်၊ ဦးစိုးမင်းခိုင်၊ ဦးသိန်းနိုင်၊ ဦးဝင်းမင်းအောင်၊ ဦးကျော်သူလင်း၊ ဒေါ်အေးနန္ဒာစိုး၊ ဒေါ်နီလာမြင့်၊ ရုံးချုပ်မှဌာနခွဲမှူးများဖြစ်သည့် ဒေါ်သဥ္ဇာနိုင်၊ ဦးလှစော၊ ဒေါ်ဟန်မြင့်မိုရ်ငြိမ်း၊ ဒေါ်ခိုင်ဇာဝင်းနှင့် ဒေါ်ယဉ်မင်းထိုက်၊ အလုပ်ရုံစုမှူးများဖြစ်သည့် ဒေါ်ကြည်ကြည်လွင်၊ ဦးသိန်းထွန်းကျော်နှင့် ဦးယုဇော်ထွန်း၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း (ပြည်ထောင်စုဝန်ကြီးရုံးတွဲဖက်) မှ ကြီးကြပ်ရေးမှူး ဦးဝင်းဦး၊ အမှတ် (၃၃) အကြီးစားစက်ရုံမှ အလုပ်ရုံစုမှူးများဖြစ်သော ဦးရန်အောင်ထွန်း၊ ဒေါ်တင်တင်ထွေးနှင့် ဒေါ်သန္တာဇင်တို့ သွားရောက်ကြကြောင်း သတင်းရရှိသည်။

## (၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

မကွေးတိုင်းဒေသကြီး အမှတ် (၅) စက်မှုသင်တန်း ကျောင်း (မကွေး) ၏ (၃) နှစ်မြောက်နှစ်ပတ်လည် နေ့အခမ်းအနားကို ဇူလိုင်လ ၁၀ ရက်နေ့တွင် အဆိုပါသင်တန်းကျောင်း၌ ပြုလုပ်ခဲ့ရာ ပင့်သံဃာ (၅) ပါးအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှဝေခဲ့သည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံကာ နေ့လယ်ပိုင်းတွင် စုပေါင်းခန်းမ၌ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်ပေးပို့သော အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ၏ (၃) နှစ်မြောက်နှစ်ပတ်လည်နေ့သဝဏ်လွှာကို ကျောင်းအုပ်ကြီး ဦးသန့်ဇင်မှဖတ်ကြားပြီး အမှတ်စဉ် (၄) သင်တန်းသား/သူများက တက်ရောက်လာကြသောဧည့်သည်တော်များအား ဖျော်ဖြေရေးအစီအစဉ်များဖြင့်ဖျော်ဖြေကာ အခမ်းအနားကို ညနေပိုင်းတွင်ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

## အင်ဒိုနီးရှားနိုင်ငံတွင် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်

အာဆီယံစီးပွားရေးဝန်ကြီးများ၏ စီးပွားရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေးကော်မတီ (AMEICC Working Group and Chemical Industry WG-CI) ကကြီးမှူး၍ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ဩဂုတ်လ ၇ ရက်နေ့မှ ၈ ရက်နေ့အထိကျင်းပပြုလုပ်ခဲ့သည့် အာဆီယံဓာတုပစ္စည်းလုံခြုံမှု သတင်းအချက်အလက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (The AMEICC Working Group on Chemical Industry (WG-CI) 3rd Workshop on ASEAN Chemical Safety Database) သို့ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းမြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

## ဗီယက်နမ်နိုင်ငံတွင် စွမ်းအင်အစည်းအဝေးတက်ရောက်

အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန (ASEAN Centre for Energy-ACE) ကကြီးမှူး၍ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင် ဩဂုတ်လ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ အာဆီယံ-ဂျပန်စွမ်းအင်ထိရောက်စွာ အသုံးချမှုဈေးကွက်အသွင်ကူးပြောင်းခြင်းအတွက် အချက်အလက်ထောက်ပံ့ခြင်းစနစ်ဆိုင်ရာ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးသို့ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နိုင်နိုင်လင်းတက်ရောက်ကြောင်း သတင်းရရှိသည်။

**RESOURCES ARE LIMITED**

**CREATIVITY IS UNLIMITED**

## ဂျပန်နိုင်ငံ၌ အလုပ်ရုံဆွေးနွေးပွဲတက်

ဂျပန်နိုင်ငံ၊ Chiba မြို့တွင် ဇူလိုင်လ ၂၇ ရက်နေ့မှ ဩဂုတ်လ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ကျွမ်းကျင်မှုအကဲဖြတ်ရေးနည်းလမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၊ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) မှ ဌာနမှူး ဒေါ်သူဇာနွယ်နှင့်အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) မှ နည်းပြအရာရှိ ဒေါ်မျိုးမျိုးသက်တို့ တက်ရောက်ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှလည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။

## အိန္ဒိယနိုင်ငံတွင် သင်တန်းတက်

အိန္ဒိယနိုင်ငံအစိုးရ၊ အိန္ဒိယနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ITEC) ဖြင့် ၂၀၁၄-၁၅ ခုနှစ်အတွက် ချီးမြှင့်သည့်ပညာသင်ဆုအရ အိန္ဒိယနိုင်ငံတွင် ဩဂုတ်လ ၄ ရက်နေ့မှ အောက်တိုဘာလ ၁၀ ရက်နေ့အထိ ဖွင့်လှစ်မည့် ပြုပြင်ထိန်းသိမ်းရေးခေတ်မီ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ နိုင်ငံတကာအစီအစဉ်သင်တန်း (Training Program on Advance Maintenance Engineering Through Condition Monitoring) သို့ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ ဒုလက်ထောက်ညွှန်ကြားရေးမှူး ဦးမြထွန်းသာနှင့် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) မှ မန်နေဂျာ ဒေါ်အိအိမင်းခိုင်တို့သည်လည်းကောင်း၊ ဩဂုတ်လ ၁၉ ရက်နေ့ မှ အောက်တိုဘာလ ၂၅ ရက်နေ့အထိဖွင့်လှစ်မည့် ပရိုအီး ဆော့ဖ်ဝဲလ်ကိုအသုံးပြု၍ စက်ခုတ်စားမည့် ပစ္စည်းများကို အထိုင်ချည့်ပမ်းသည့် ကိရိယာများ ပုံစံပြုလုပ်ခြင်းဆိုင်ရာသင်တန်း (Design of Jigs and Fixtures by using Pro-E Software) သို့ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ ဒုလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုမာနှင့် အမှတ် (၃) အကြီး စားစက်မှုလုပ်ငန်း၊ အမှတ် (၃၂) အကြီးစားစက်ရုံ (ကြခင်း) မှ မန်နေဂျာ ဒေါ်ဆွေဆွေငယ်တို့သည်လည်းကောင်း၊ ဩဂုတ်လ ၁၉ ရက်နေ့မှ အောက်တိုဘာ ၂၅ ရက်နေ့အထိ ဖွင့်လှစ်မည့် ခေတ်မီအလိုအလျောက်စက်ကိရိယာများ ထိန်းချုပ်မှုဆိုင်ရာသင်တန်း (Programmable Controllers for Advanced Automation) သို့ သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာနမှ ဒုလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းကျော်သည်လည်းကောင်း အသီးသီးတက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

## အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) သင်တန်းအမှတ်စဉ် (၆) သင်တန်းဆင်းပွဲကျင်းပ




စက်မှုဝန်ကြီးဌာနသည် တိုင်းပြည်၏ စက်မှုဖွံ့ဖြိုးရေးတွင် အဓိကမောင်းနှင်အားဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်၊ ကဏ္ဍအလိုက် သင့်တင့်သောလုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်နိုင်ရန်နှင့် ပြည်တွင်းကျွမ်းကျင်လုပ်သားများ လိုအပ်ချက်မညီမျှမှုအား ဖြည့်ဆည်းပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် စက်မှုသင်တန်းကျောင်းများကို ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူ၊ မကွေးနှင့် မြင်းခြံမြို့များတွင်ဖွင့်လှစ်ထားရှိရာ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ၏သင်တန်းအမှတ်စဉ် (၆) ဆင်းပွဲကို ဩဂုတ်လ (၁) ရက်နေ့ နံနက် ၈ နာရီက အဆိုပါကျောင်းစုဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ သည်။

သင်တန်းဆင်းပွဲသို့ စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား စံပြဆုချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ လူ့စွမ်းအားအရင်းအမြစ်ဌာန ညွှန်ကြားရေးမှူး ဦးကိုကိုလွင်က ဘာသာရပ်အလိုက် ထူးချွန်ဆုများကိုလည်းကောင်း၊ စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးစိုးတင့်စန်းက သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါ သင်တန်းတွင် စက်မှုဘာသာရပ် ၅ ခုအား စာတွေ့ ၃၀%၊ လက်တွေ့ ၇၀% ဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှ ဩဂုတ်လ ၁ ရက်နေ့အထိ ၁ နှစ်ကြာသင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်း သား၊ သင်တန်းသူ ၁၆၉ ဦး တက်ရောက် အောင်မြင်ခဲ့သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုသင်တန်းကျောင်းများမှ နှစ်စဉ်မွေးထုတ်ပေးလိုက်သည့် သင်တန်းသားများအား နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်များရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပြီး အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) အနေဖြင့် သင်တန်းအမှတ်စဉ် (၇) အား ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

## လျှပ်စစ်သည် နည်းစနစ်တကျအသုံးပြုက နယ်ပယ်စုံ၌လွန်စွာအသုံးဝင် လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း (၁/၂၀၁၄)သင်တန်းဆင်း



နိုင်ငံတော်စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် တစ်ပါတည်းဖွံ့ဖြိုးတိုးတက်လာမည့် လျှပ်စစ်ကဏ္ဍအတွက်လိုအပ်မည့် လျှပ်စစ်ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေး၊ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် AFTA တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အဆင့်အတန်းမီ အရည်အသွေးမြင့်လျှပ်စစ်ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရေးတို့ကို ရည်ရွယ်၍ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ လျှပ်စစ်စစ်ဆေးရေးဌာနသည် လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း၊ လျှပ်စစ်ကျွမ်းကျင်မှုမွမ်းမံသင်တန်းနှင့် ဌာနတွင်းမွမ်းမံသင်တန်းတို့ကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဇွန်လ ၁၇ ရက်နေ့မှဇူလိုင်လ ၂၅ ရက်နေ့အထိ ရက်သတ္တပတ် ၆ ပတ်ကြာဖွင့်လှစ်ခဲ့သည့် လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၄) သင်တန်းဆင်းပွဲကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ လျှပ်စစ်စစ်ဆေးရေးဌာန သင်တန်းခန်းမ ၌ ဇူလိုင်လ ၂၅ ရက်နေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းညွှန့်တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းကို တစ်နှစ်လျှင် (၂) ကြိမ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုသင်တန်းအမှတ်စဉ် (၁/၂၀၁၄) သို့ စက်မှုဝန်ကြီးဌာနမှ ၃၇ ဦး၊ အခြားဝန်ကြီးဌာနမှ ၁၇ ဦးနှင့် ပြင်ပမှ ၅၅ ဦး၊ စုစုပေါင်းသင်တန်းသား ၁၀၉ ဦးတက်ရောက်အောင်မြင်ခဲ့ကြသည်။ သင်တန်း၌ လျှပ်စစ်ဆိုင်ရာ ဘာသာရပ် ၁၃ မျိုးကို ကျွမ်းကျင်နည်းပြဆရာများဖြင့် သင်ကြားပေးခဲ့ပြီး လျှပ်စစ်စစ်ဆေးရေးဌာနအနေဖြင့် ယခုသင်တန်းအပါအဝင် လျှပ်စစ်ကျွမ်းကျင် မှုအခြေခံသင်တန်း (၃၃) ကြိမ်ထိ ဖွင့်လှစ်ပြီး သင်တန်းသား ၂,၆၃၀ ဦးကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

## အင်ဒိုနီးရှားနိုင်ငံတွင် အစည်းအဝေးတက်

အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အင်ဒိုနီးရှားနိုင်ငံ၊ စက်မှုဝန်ကြီးဌာန (Ministry of Industry) တို့ကကြီးမှူး၍ အင်ဒိုနီးရှားနိုင်ငံတွင် ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိကျင်းပပြုလုပ်သည့် ရော်ဘာအခြေခံ ထုတ်ကုန်လုပ်ငန်းအဖွဲ့၏ (၁၉) ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးသို့ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးဌေးဝင်းအောင် တက်ရောက်ကြောင်းသိရသည်။

## ဌာနတွင်းလျှပ်စစ်စစ်ဆေးရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဖွင့်

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာနမှ ကြီးမှူးဖွင့်လှစ်သော ဌာနတွင်းလျှပ်စစ်စစ်ဆေးရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကို ဩဂုတ်လ ၈ ရက်နေ့ နံနက် ၈ နာရီတွင် အမှတ် (၃၅) ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင်ဖွင့်လှစ်ရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးခင်ရွှေ အဖွင့်အမှာစကားပြောကြားခဲ့သည်။

သင်တန်းသို့ သင်တန်းသား ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တပတ် (၂) ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

## ထူးချွန်ကျောင်းသားများအား ဂုဏ်ပြု

စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) ၏ဇူလိုင်လ ဝန်ထမ်းများဆန္ဒဖော်ထုတ်ပွဲနှင့်အတူ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ခြင်းနှင့် ကျောင်းသုံးဗလာစာအုပ်ထောက်ပံ့ပေးခြင်း အခမ်းအနားကို ဇူလိုင်လ ၃၁ ရက်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် စက်ရုံအထွေထွေ မန်နေဂျာ ဦးမျိုးချိုနှင့်ဌာနမှူးများက ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော (၅) ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ (၃) ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ (၁) ဘာသာဂုဏ်ထူးရှင်နှစ်ဦးနှင့် ရိုးရိုးအောင်ငါးဦးတို့အား ဆုများချီးမြှင့်ကြပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဝန်ကြီးဌာနမှထောက်ပံ့သော ကျောင်းသုံးဗလာစာအုပ်များအား ဌာနကိုယ်စားလှယ်များထံ ပေးအပ်ခဲ့ကြောင်းသိရသည်။

# မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးမြှင့်တင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးလုပ်ငန်းများသည် စီးပွားရေးအဖွဲ့အစည်းများ၏ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်တိုးတက်လာစေရေးကို အထောက်အကူပြုသကဲ့သို့ နိုင်ငံတော်၏ စွမ်းအင်လုံခြုံရေးကိစ္စအတွက်လည်း အထောက်အကူပြုနေသဖြင့် ကမ္ဘာ့နိုင်ငံအများစုက အလေးထားဆောင်ရွက်လျက်ရှိပါသည်။ စက်မှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်အပြင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးနှင့်ခြိုးခြံချွေတာရေး လုပ်ရှားမှုများကိုလည်း ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုညွှန်ကြားရေးဦးစီးဌာနသည် Focal Point အဖြစ်တာဝန်ယူလျက် အစိုးရနှင့်ပုဂ္ဂလိကပိုင် စက်ရုံ/အလုပ်ရုံများတွင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးအတွက် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO) နှင့် ပူးပေါင်း၍ "Improvement of Industrial Energy in Myanmar" Project ကို Preparatory Phase အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် National Workshop on IEE Project အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ ၈ ရက် နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO) နှင့် စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနရုံးချုပ်နှင့် စက်ရုံ၊ အလုပ်ရုံများမှတာဝန်ရှိသူများ၊ စက်မှုဇုန်များမှ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း (၉၀) ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

## အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ၏ ကျေးလက်ဒေသအရောက် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း အမှတ်စဉ် (၂) ပခုက္ကူခရိုင်၊ မြစ်ခြေကျေးရွာ၌ဖွင့်လှစ်သင်ကြားပေး

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးတို့အတွက်ရည်ရွယ်၍ စက်မှုဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် စက်မှုညွှန်ကြားရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာနကြီးကြပ်မှုအောက်ရှိ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ၏ စက်မှု နှင့်အသက်မွေးပညာရွေ့လျားသင်တန်း (Mobile Vocational Training) အမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၈ ရက်နေ့နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြစ်ခြေတိုက်နယ်၊ မြစ်ခြေကျေးရွာ၌ ကျင်းပပြုလုပ်သည်။




သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်နှင့်တာဝန်ရှိသူများ၊ ဖိတ် ကြားထားသော ဧည့်သည်တော်များနှင့် မြစ်ခြေတိုက်နယ်ရှိကျေးရွာများမှ သင်တန်းတက်ရောက်မည့် ဒေသခံလူငယ်များတက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသိန်းထွန်းနှင့် စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်တို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး ဧည့်သည်တော်များသည် သင်တန်းဆောင်ရွက်ရန် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြင်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုကြကာ သင်တန်းသားများနှင့် အမှတ်တရစုပေါင်းဓါတ်ပုံရိုက်ကြသည်။

စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်း အမှတ်စဉ် (၂) တွင် ဒေသနှင့်ကိုက်ညီသည့် သံဂဟေဆက်ပညာရပ်နှင့် စိုက်ပျိုးရေးသုံး အင်ဂျင်နှင့်မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်းပညာရပ်တို့ကို စာတွေ့ ၂၀%၊ လက်တွေ့ ၈၀% ဖြင့် (၁၀) ရက်၊ (နာရီပေါင်း ၈၀) ကြာ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) မှအတွေ့အကြုံရှိ ကျွမ်းကျင်နည်းပြဆရာများက သင်ကြားပေးသွားခြင်းဖြစ်သည်။ သင်တန်းသို့ မြစ်ခြေတိုက်နယ်ကျေးရွာများမှ အခြေခံပညာအလယ်တန်း၊ အထက်တန်းနှင့် ဘွဲ့ရ အသက် ၁၅ နှစ်မှ ၃၇ နှစ်အရွယ်အတွင်းရှိ လူငယ် စုစုပေါင်း (၅၀) ဦးတို့က သံဂဟေဆက်ပညာသင်တန်း၌ ကျား (၂၃)ဦး၊ မ (၂) ဦး၊ ပေါင်း (၂၅) ဦး၊ စိုက်ပျိုးရေးသုံး အင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း၌ ကျား (၂၀) ဦး၊ မ (၅) ဦး၊ ပေါင်း (၂၅) ဦးတို့ တက်ရောက်သင်ကြားခဲ့သည်။



အဆိုပါရွေ့လျားသင်တန်း အမှတ်စဉ် (၂) ၏သင်တန်းဆင်းပွဲကို ဩဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ကျောင်းအုပ်ကြီးက သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းမှ ထူးချွန်သူများအနေဖြင့် အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ၌အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏အထောက်အပံ့ဖြင့် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွင်းဖွင့်လှစ်မည့် ကာလတို ၃ လသင်တန်းသို့ အခမဲ့ဆက်လက်တက်ရောက်နိုင်ကြမည်ဖြစ်သည်။ စက်မှုဝန်ကြီးဌာနအနေဖြင့် ရွေ့လျားသင်တန်း အမှတ်စဉ် (၁) အား ပခုက္ကူခရိုင်၊ ကမ္မတိုက်နယ်၌ ဇူလိုင်လအတွင်းက ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ရွေ့လျားသင်တန်း အမှတ်စဉ် (၃) အား စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ လက်ပန်းတောင်းတောင်ဒေသ၌ ဩဂုတ်လအတွင်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကာ အခြားပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့်ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်ချက်ရှိသောဒေသများတွင်ပါဖွင့်လှစ်သင်ကြားရေး စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။